# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၁၃) ရက် ၊ တနင်္လာနေ့ ၊ (30-9-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၅၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် သာစည်-မန္တလေးမီးရထားလမ်းပိုင်းပေါ်ရှိ စမုံချောင်းတံတားပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုများဖြစ်ပေါ်ခဲ့သည့် သာစည်-မန္တလေးမီးရထားလမ်းပိုင်းပေါ်ရှိ ရထားလမ်းပိုင်းများနှင့် စမုံချောင်းတံတားပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာညွန့်ဖေ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် သာစည်-မန္တလေးမီးရထားလမ်းပိုင်းပေါ်ရှိ စမုံချောင်းတံတားပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာ-သာစည်ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး လမ်းတစ်လျှောက်


**စာမျက်နှာ ၁၈ ကော်လံ ၁**





ရတနာပုံ
၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်း

မြန်မာနိုင်ငံတွင် ထာဝရငြိမ်းချမ်းရေးကို ခေတ်အဆက်ဆက်အစိုးရများက ကြိုးပမ်းခဲ့ကြသော်လည်း တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခအပါအဝင် အကြောင်းကြောင်းကြောင့် ငြိမ်းချမ်းရေးခရီးသည် နီးမလိုနှင့်ဝေးနေခဲ့သည်။ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ရန်အတွက် တစ်စိုက်မတ်မတ်စီမံဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သောမဲမသမာမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံရေးပြဿနာများကို အေးချမ်းစွာပြီးဆုံးစေရန်အတွက် နိုင်ငံရေးနည်းလမ်းမျိုးစုံဖြင့် ညှိနှိုင်းဖြေရှင်းရန် ကြိုးပမ်းခဲ့မှုကိုလျစ်လျူရှု၍ နိုင်ငံတော်အာဏာကို မမှန်မကန်သောနည်းလမ်းဖြင့်ရယူရန်ကြိုးပမ်းခဲ့၍သာ တပ်မတော်က နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် အညီ လွှဲပြောင်းရယူထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။

တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို စစ်ဘက်၊ အရပ်ဘက်မျှတစွာဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ်နှင့်ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်အာဏာလွှဲအပ်ရေးကို မမိုတ်မသုန်ဦးတည်ဆောင်ရွက်နေသော်လည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်တို့ဖြင့် လက်နက်စွဲကိုင်အကြမ်းဖက်တိုက်ခိုက်သည့်နည်းလမ်းကို ရွေးချယ်အသုံးပြုခဲ့ကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကြောင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ၊ နိုင်ငံတော်၏အခြေခံအဆောက်အအုံများ၊ ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးရမှုများစွာဖြစ်ပေါ်ခဲ့ရသည့်အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအဟန့်အတားဖြစ်စေခဲ့ရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏တိုက်ခိုက်မှုကြောင့် စက်တင်ဘာ ၂၇ ရက်ထိ နိုင်ငံတစ်ဝန်းတွင် ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမ ၇၅ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၇ ဦး၊ ရဟန်းသံဃာ ၈၄ ပါးအပါအဝင် အပြစ်မဲ့ပြည်သူ ၆၇၀၀ ကျော် သေဆုံးခဲ့ရပါသည်။ ဗုံးဖောက်ခွဲမှု ၉၀၀၀ ကျော်ဖြစ်ပွားခဲ့ပြီး စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ စက်ရုံ၊ အလုပ်ရုံ၊ ဘဏ်များ၊ လူနေအိမ်အဆောက်အအုံများအပါအဝင် အခြေခံအဆောက်အအုံမီးရှို့ဖျက်ဆီးခဲ့မှု ၁၃၀၀ ကျော်ရှိခဲ့ပါသည်။ အဆိုပါအကြမ်းဖက်မှုများကြောင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးများကို များစွာထိခိုက်ခဲ့ရပါသည်။

သို့ဖြစ်ရာ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကိုထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်ကိုဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကိုစွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း ရေကြီးမှုကြောင့် စိုက်ပျိုးသီးနှံများပျက်စီးမှုကို ပြန်လည်စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**မန္တလေး စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုများကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးတို့တွင် ထိခိုက်ပျက်စီးမှုများနှင့် စပ်လျဉ်း၍ ပြန်လည်ကုစားနိုင်ရေး၊ ပြန်လည်စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တိုင်းဒေသကြီးဦးစီးမှူးများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရာဂိတိုင်ဖွန်းမုန်တိုင်း အရှိန်ဖြင့်မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးသီးနှံများရေနစ်မြုပ်ကာ ထိခိုက်ပျက်စီးမှုများရှိခဲ့ရာ သီးနှံများ အချိန်မီပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ နစ်မြုပ်၊ ပြန်ပေါ်၊ ထိခိုက်၊ ပျက်စီးမှုများတွင် မိုးစပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ချည်မျှင်ရှည်ဝါ၊ ပဲတီစိမ်း၊ အခြားပဲ၊ အခြားသီးနှံများရှိခဲ့ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်နိုင်ရေး နိုင်ငံတော်က ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးအဆင့် သက်ဆိုင်ရာဌာနများမှ တိုင်းဒေသကြီး ဦးစီးမှူးများနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ရေကြီးရေလျှံခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေ၊ ပြန်လည်ကုစားနိုင်မည့်နည်းလမ်းများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးများကဖြည့်စွက်ဆွေးနွေးခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်၏မူဝါဒများနှင့် လမ်းညွှန်ချက်များကို အပြည့်အဝအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ သက်ဆိုင်ရာဌာနများအနေဖြင့် တာဝန်ယူဆောင်ရွက်ကြရသည့် ကဏ္ဍများအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် လစ်ဟင်းမှုမရှိစေရေး၊ စာရင်းဇယားအချက်အလက်များ မှန်ကန်တိကျရေး၊ မှတ်တမ်းမှတ်ရာများ စနစ်တကျဆောင်ရွက်ထားရှိရေး တို့ကိုမှာကြားပြီး ရှင်းလင်းတင်ပြချက်များ၊ ဖြည့်စွက်ဆွေးနွေးချက်များနှင့် အကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရေတိုက်ကောင်း ၁၇၆၉ ဧက စိုက်ပျိုးပြီးစီး

**ငပုတော စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရေတိုက်ကောင်း ၁၇၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရေတိုက်ကောင်း ၁၇၆၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရေတိုက်ကောင်းလျာထားဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒေသခံတောင်သူတွေဟာ စပါးအပြင် စားဖိုဆောင်သီးနှံဖြစ်တဲ့ ရေတိုက်ကောင်း ၁၇၆၉ ဧက လျာထားစိုက်ပျိုးထားပြီးဖြစ်ပါတယ်။ ဒီလိုစိုက်ပျိုးလာကြတဲ့ တောင်သူတွေကို ဈေးကွက်ဝင်အထွက်နှုန်းကောင်းပြီး ဒေသရာသီဥတု မြေအနေအထားနဲ့ ကိုက်ညီတဲ့မျိုးစေ့တွေကို ရွေးချယ်စိုက်ပျိုးဖို့ ကူညီပံ့ပိုးပေးထားပါတယ်။ တောင်သူတွေဟာ ဒီနှစ်မှာတော့ စားဖိုဆောင်သီးနှံမျိုးကောင်းမျိုးသန့်တွေကို စနစ်တကျ စိုက်ပျိုးလာကြပါတယ်" ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရေတိုက်ကောင်းသီးနှံအပါအဝင် မိုးသီးနှံများကိုအခက်အခဲမရှိ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်ကျော်လင်း

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၄၄၃၅ ဧက စိုက်ပျိုးမည်

**ယင်းမာပင် စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၄၄၃၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၁၉၇ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၃၂၃၈ ဧက စုစုပေါင်း ၁၄၄၃၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ယင်းမာပင်ခရိုင်အတွင်း ပဲကြီးဧက ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ပဲကြီးစိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားမယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေး ကျောက်ဆည်မြို့ ကန်ဦးရပ်နေ ဒေါ်အေးအေးမြင့်မိသားစုက ဆွမ်း/ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေ လှူဒါန်းပေးအပ်




**မန္တလေး စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေလှူဒါန်းပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ အလှူရှင်များဖြစ်သည့် မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် မစ္စကောင်းဖျင်(Ms.Gao Ping)၊ မန္တလေး တရုတ်လုပ်ငန်းရှင်အသင်းနှင့်စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနား၌တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင်သဘာဝဘေးဒုက္ခကြုံတွေ့ကြရသူများကို စေတနာရှင်အလှူရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များမှ တတ်အားသရွေ့တက်ကြွစွာ ပါဝင်လှူဒါန်းကြသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် လှူဒါန်းငွေများကို ရေဘေးဒဏ်ခံစားခဲ့ရသည့်ပြည်သူများထံ စနစ်တကျမျှတစွာလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေများကို လက်ခံရာ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် မစ္စကောင်းဖျင်က ငွေကျပ် ၄၇၆ သိန်းကို လည်းကောင်း၊ South East Asia Gas Pipeline Company Limited (Great Ocean Branch)မှ ငွေကျပ် ၉၅ သိန်းကို လည်းကောင်း၊ South East Asia Crude Oil Pipeline Company Limited (Great Ocean Branch) မှ ငွေကျပ် ၉၅ သိန်းကိုလည်းကောင်း၊ Myanmar Conch Cement Co.,Ltd မှ ငွေကျပ် သိန်း ၁၇၀ ကိုလည်းကောင်း၊ မန္တလေး တရုတ်လုပ်ငန်းရှင်အသင်းမှ ငွေကျပ် ၁၆၄ သိန်းကိုလည်းကောင်း လှူဒါန်းပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

## ချောင်းဆုံမြို့နယ် တော်ပကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ စက်တင်ဘာ ၂၉**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တော်ပကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ ချောင်းဆုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်နှင့် ဝန်ထမ်းများက တော်ပကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ တော်ပကောက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူငါးဦးကို ငွေကျပ် ၂ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၂၄ ဒသမ ၅၅သန်း၊ ရေလုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၁ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၆ ဒသမ ၆၅ သန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် သုည ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **အေးမြတ်**

## အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၀၅၄ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၀၅၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ အရာတော်မြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံဧက ၁၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၅၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၁၀၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၀၅၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ လျာထားဧကထက်ပိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ်သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAPစနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန်နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အရာတော်မြို့နယ်တွင် နှစ်စဉ် ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



# လူတိုင်းအတွက် ခေါင်းဆောင်မှု

**ချစ်နိုင်(စိတ်ပညာ)**

**နိဒါန်း**

လူတိုင်းလူတိုင်းဟာ ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်ဘဲဖြစ်စေ တစ်ခါတစ်ရံ မမျှော်လင့်ဘဲ ခေါင်းဆောင်နေရာမျိုးမှာ တာဝန်ယူရတတ်ပါတယ်။ သဘော်မာလိန်မှူး၊ လေယာဉ်မောင်းသူပိုင်းလော့၊ ယာဉ်မောင်း စတဲ့သူတွေဟာ ပါဝင်တဲ့ခရီးသည်အားလုံးရဲ့ သေရေးရှင်ရေးကိုရွေးချယ်ဆုံးဖြတ်ရတတ်တာမို့ အဲဒီအချိန်အခိုက်အတန့်မှာတော့ ခေါင်းဆောင်မှုတာဝန်ယူနေရတယ်လို့ ဆိုရမှာပါ။

ပွဲကိုင်မောင်းနှင်နေတဲ့အချိန်မဟုတ်တဲ့ အခြားကိုယ်ပိုင်အချိန်မှာတော့ ခေါင်းဆောင်မှုမယူရဘူးပေါ့။

ခေါင်းဆောင်မှုဆိုတာ နေရာတကာ၊ အချိန်အခါအရ တာဝန်ခံ၊ တာဝန်ယူရတဲ့အခြေအနေတစ်ရပ်ကိုပဲ ဆိုလိုတယ်။ လူတစ်ဦးရဲ့လုပ်ဆောင်ရမယ့် ဦးစီးဦးဆောင်နေရာတာဝန်မျိုးလို့သဘောပေါက်ရပါမယ်။ မြန်မာ့ဆိုင်းအဖွဲ့ဆိုပါစို့၊ ဆိုင်းဆရာက ခေါင်းဆောင်မှုပြုရတာပေါ့။ သို့သော် နဲ့ဆရာက ခေါင်းဆောင်မှုယူပြီး ဝိုင်းတော်တီးက မေးရုံ၊ ဖြည့်ရုံ တီးရတဲ့ သီချင်းအပိုဒ်မျိုးလည်း ရှိနိုင်တာပဲ။ အဆိုသမားဆိုကောင်းအောင် ပို့ပေးရ၊ ဖြည့်ပေးရတဲ့ ဂီတအနုပညာသဘောအပြန်အလှန် လေးစားပံ့ပိုးမှုပြုတာမျိုးလည်း ရှိတတ်တာပေါ့။

ခေါင်းဆောင်မှုဆိုတာ နေရာတကာမှာ ကြုံတွေ့ပတ်သက်နိုင်တယ်ဆိုတာ မြင်ကြရပြီနော်။

**လူထဲကလူပဲ**

ရုပ်ရှင်ရိုက်ကူးရာမှာ ဒါရိုက်တာက အရာရာ ခေါင်းဆောင်မှုပေးလေ့ရှိပါတယ်။ သို့ရာတွင် ငွေးခ အများဆုံးရရှိတဲ့နာမည်ကျော်မင်းသားက ကင်မရာ ရှုထောင့်ကို ဘယ်လိုပြင်ပေးပါ။ သူ့ရဲ့ပြောဆိုရမယ့်စကားကို ဘယ်လိုလေးပြောင်းပြောချင်ပါတယ် စသဖြင့် ဒါရိုက်တာအပေါ်ကို လွှမ်းမိုးတာမျိုးလည်းရှိနိုင်တယ်။ ရှိတတ်တယ်။ ခေါင်းဆောင်မှုဆိုတာ ဘောင်အကျဉ်းအကျယ်တော့ ပုံသေမရှိနိုင်ဘူး။ အလျှော့အတင်း၊ အတင်အချလည်းရှိကောင်းရှိနိုင်တယ်။ အခြေအနေအချိန်အခါအရ မူသေပုံသေလည်း ဖြစ်ချင်မှဖြစ်မယ်။

ဥပမာ- သားသမီးမကောင်း မိဘခေါင်း၊

တပည့်မကောင်း ဆရာ့ခေါင်း၊

မြန်မာဆိုရိုးစကားရှိထားပါတယ်။

ဒါဟာ အများကလက်ခံမှတ်ယူထားခဲ့တဲ့ အစဉ်အလာသဘောထားအမြင်ပါပဲ။ သားသမီးကောင်းရင် မိဘဂုဏ်တက်တာလည်း အမှန်ပဲ။ သားသမီးဆိုးမိုက်ရင် မိဘမှာ သွန်သင်ဆုံးမမှုအားနည်းမှုရှိတယ်လို့ ဝေဖန်တဲ့အစဉ်အလာပါပဲ။ သားဆိုးသမီးဆိုးကြောင့် မိဘမှာ အသရေပျက်လို့ အရှက်ရတတ်ပါတယ်။ အမိအဘတို့ဟာ မိသားစုမှာ ခေါင်းဆောင်မှုကောင်းခဲ့ရမှာပေါ့။

ခေးကိုဖျက်တော့ ဝါး။

သားကိုဖျက်တော့ အဘွား။

အဖေအမေက အလိုမလိုက်ဘဲ စည်းကမ်းကျင့်ဝတ်တင်းကြပ်ပေမဲ့ အဘွားက သူ့မြေးကို အလိုလိုက်နေတာနဲ့ အကျင့်ဆိုးသွားခဲ့တဲ့ သားသမီးမျိုးလည်း ရှိတတ်ပါသေးတယ်။ အလိုလိုက်တော့ အမိုက်စော်ကားဆိုတဲ့ စကားမျိုးဖြစ်လာတတ်တယ်။ ဒီတော့ အိမ်ထောင်တစ်ခုရဲ့မိသားစုအားလုံးဟာ ခေါင်းဆောင်မှုအကြောင်းခြင်းရာကို သိရှိနားလည်သင့်ပေတာပဲ။ လူတိုင်းနဲ့ပတ်သက်ဆက်စပ်တယ်။ လူတိုင်းနဲ့ ခေါင်းဆောင်မှုဟာ ထိတွေ့နေရမှာပါလား။

တစ်နေ့နေ့တစ်ချိန်ချိန် တစ်နေရာရာမှာ ဘယ်သူမဆို ခေါင်းဆောင်မှုနဲ့ ပတ်သက်လာရမှာမို့ သိရှိနားလည် နေဖို့လိုအပ်ပေတာပေါ့။ စာရေးသူက အသစ်အဆန်းတွေဖန်တီးတီထွင်ပြီး တင်ပြပြောဆိုနိုင်မှာမဟုတ်ပါ။ ခေါင်းဆောင်မှုအကြောင်း ရှုထောင့်ပေါင်းစုံက ရေးသားဖော်ထုတ်ခဲ့ကြတဲ့ စာအုပ်ကောင်းတွေ၊ အခိုင်အမာလူတွေလက်ခံပြီးသား ခေါင်းဆောင်မှုဆိုင်ရာ သဘောထားအမြင်တွေ၊ သီအိုရီတွေရှိခဲ့ပြီးသားပါလေ။ မသိဖူး၊ မဖတ်ဖူးသူတွေအတွက် အချိန်တိုတိုအတွင်း လိုရင်းတိုရှင်းသိရမြင်ရ အသုံးချလို့ရအောင် ကောင်းနိုးရာရာတွေသာ ရွေးချယ်ကောက်နုတ်ဖော်ပြမှာဖြစ်ပါတယ်။ ယခင်က မတင်ပြဖူးတဲ့ အသစ်အသစ်ရှာဖွေဖတ်ရှုရတာတွေထဲက အဆီအနှစ်တွေဖြစ်ပါလိမ့်မယ်။

**ခေါင်းဆောင်မှုအတွက် လိုအပ်ချက်**

ကြီးပွားအောင်မြင်ရေး၊ တိုးတက်ရေးကျမ်းများလည်း ရေးတယ်။ ဟောလည်းဟောပြောတယ်။ အမေရိကန်မှာ နာမည်လည်းကျော်တဲ့ ဂျင်ရွန်(Jim Rohn)ဆိုတဲ့ ဆရာက ခေါင်းဆောင်မှာလိုအပ်တာ အဓိကတစ်ဒါဇင်(၁၂ ချက်)ရှိတယ်လို့ပြောပါတယ်။ ကိုယ်တိုင်တွေးခေါ်သုံးသပ်ပြီး ချင့်ချိန်စေလိုပါတယ်။ ဘာသာပြန်ပြီးဖော်ပြလိုက်ပါတယ်။ ကြိုက်ရင်ယူပါ။ လိုက်နာအသုံးချပါ။

**၁။ သတ္တိ**

**၂။ ကျင့်ဝတ်စည်းကမ်း**

**၃။ ကြိုတင်မြော်တွေးနိုင်စွမ်း**

**၄။ စာနာမှု၊ နားလည်မှု**

**၅။ စိတ်အားထက်သန်မှု**

**၆။ တာဝန်ခံမှု၊ တာဝန်ယူနိုင်မှု**

**၇။ တရားမျှတမှု၊ အမှန်တရားမြတ်နိုးမှု**

**၈။ တိကျတဲ့ဆုံးဖြတ်ချက်**

**၉။ တစ်ဦးစီ တစ်ဦးချင်းဂရုစိုက်မှု**

**၁၀။ တစ်ဦးချင်းအရည်အသွေးတိုးတက်ရေးစီမံချက်ရှိမှု**

**၁၁။ ပူးပေါင်းဆောင်ရွက်လိုမှု**

**၁၂။ လစာထက် လုပ်ငန်းခွင်ပျော်ရွှင်ကျေနပ်မှုနဲ့ သက်သာချောင်ချိရေးဖြည့်ဆည်းပေးမှု**

ဂျင်ရွန်ဖော်ထုတ်ပြောပြတာတွေဟာ သဘာဝကျပါတယ်။ လက်တွေ့ဘဝခေါင်းဆောင်မှုလုပ်ဆောင်နေသူတွေအတွက် မဖြစ်မနေထည့်သွင်းစဉ်းစားအပ်တဲ့ အချက်တွေပါပဲ။ သိလည်းသိ၊ သုံးလည်းသုံးရင် သိသာစွာထိရောက်မှာသေချာပါတယ်။

**လမ်းပြရှေ့ဆောင်**

ခေါင်းဆောင်ဆိုတာက ဆယ်အိမ်ခေါင်း၊ ရာအိမ်မှူးဆိုတဲ့ ရပ်ရွာထဲက ခေါင်းဆောင်မှအစ ဝန်ကြီးချုပ်၊ ပြည်ထောင်စုသမ္မတအထိ အဆင့်ဆင့်ကိုခေါ်ဝေါ်တာမဟုတ်လား။ ဒီတော့ ခေါင်းဆောင်နဲ့ပတ်သက်လို့ ရေးကြပြောကြတာတွေ များစွာရှိတဲ့အနက် ဂျွန်စီမက်ဇ်ဝဲလ်ရေးတာကိုတော့ လေ့လာမှတ်သားသူများမကြာခဏ ဒါကိုကောက်နုတ်ကိုးကားခဲ့ကြတယ်။ စာဖတ်သူလည်းတွေ့ဖူးပြီးနေမှာပါ။

"A Leader is one who knows the way, goes the way, and shows the way."

John C.Maxwell

❖ ခေါင်းဆောင်မှုတာဝန်ကို ဘဝတစ်ကွေ့မှာတော့ တစ်ချိန်ချိန်၊ တစ်နေရာရာမှာ ပါဝင်ဆောင်ရွက်ရတတ်တယ်။ ကြီးတာငယ်တာအပထား၊ ခေါင်းဆောင်မှုဟာ ခေါင်းဆောင်မှုပဲမို့ လူတစ်ဦးရဲ့ဘဝမှာ ကောင်းကျိုးကော၊ ဆိုးကျိုးကော ရှိစေနိုင်တဲ့အခြေအနေတစ်မျိုးမို့ လူတိုင်းလူတိုင်းက ကြိုတင်သိရှိအောင် လေ့လာစူးစမ်းခြင်း၊ လေ့လာလေ့ကျင့်ခြင်းတို့ပြုထားရင် ပြင်ဆင်သလောက် ကောင်းကျိုးတရားနဲ့ အောင်မြင်မှုတွေ တိုးတက်လာပါလိမ့်မယ်။ အသိဉာဏ် ဗဟုသုတလည်းနည်းတယ်။ ကြိုတင်မြော်တွေးတတ်တဲ့ အလေ့အထလည်းမရှိဘူးဆိုရင်တော့ ဘဝတစ်သက်တာလုံး ငယ်သားအဖြစ်နဲ့သာ နေသွားရပေမှာပဲ။ ❖

**"ခေါင်းဆောင်ဆိုတဲ့လူတစ်ယောက်ဟာ သူ့ဒီသုံးခုကို ပြုမူလုပ်ဆောင်ပါတယ်။ (၁)သွားရမယ့်လမ်းကိုသိတယ်။ (၂)သူကိုယ်တိုင်လည်း သွားပါတယ်။ (၃)ပြီးတော့ သူက လမ်းကြောင်းကိုလည်း ညွှန်ပြပါတယ်"**တဲ့ ခေါင်းဆောင်မှုရဲ့ အနှစ်ချုပ်သဘောကို ပြောဆိုရာရောက်တယ်ပေါ့။

လမ်းပြရတဲ့တာဝန်ကိုယူရတယ်ဆိုတာ မှန်ပါတယ်။ သူက မှန်ကန်တဲ့လမ်းကို ပြနိုင်ရမှာဖြစ်သလို ပြသပုံ ပြသနည်းလည်း မှန်ဖို့လိုအပ်ပေသေးတယ်။

အမှန်ပြောရုံနဲ့ မပြီးသေးဘူး။ ခေါင်းဆောင်မှုတာဝန်ယူထားရရင် အပြောလည်းမှန်ရမယ်။ ဒီအချက်ကိုတော့ ခေါင်းဆောင်မှုရေးရာ ပြောကြ၊ ရေးကြတဲ့နေရာမှာ အချို့က ထည့်သွင်းမဖော်ပြကြပါဘူး။ မလိုဘူးထင်လို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့။

**ထိရောက်ဖို့**

လူတိုင်းအတွက် ခေါင်းဆောင်မှုအကြောင်း ဆွေးနွေးရမယ်ဆိုရင် ခေါင်းဆောင်မှုကိုအောင်မြင်အောင် သိသိသာသာအထောက်အပံ့ပေးတဲ့ ရေးနည်း၊ သားနည်း၊ ဟောနည်း၊ ပြောနည်းတို့ရဲ့ အခြေခံဥပဒေသလေးတော့ သိထားမှဖြစ်မှာပေါ့။ သိရင်သုံးရင် အကျိုးသိပ်ရှိပါတယ်။ မသိရင် မသုံးတတ်ရင် ခုတ်ရာတခြား၊ ရှရာတလွဲ မထိရောက်ဘဲ ရွာလည်တိုင်ပတ်၊ အချိန်ကုန်လူပန်းဖြစ်နေရတတ်တယ်။

စကားပဲပြောပြော၊ စာပဲရေးရေး၊ တစ်ဦးတစ်ယောက်က လူအများစုကို နားဝင်နားလည်စေချင်ရင် ထိရောက်အောင် ဒီလိုမျိုးပြောရရေးရတယ်လေ။

**၁။ မှန်ကန်ခြင်း။** ။ ရည်ရွယ်ချက်မှန်၊ အကြောင်းအရာမှန်၊ စာလုံးပေါင်းမှန်၊ ဝါကျမှန်၊ သဒ္ဒါမှန်၊ သတ်ပုံမှန်၊ အသုံးအနှုန်းမှန်၊ အရေးအသားမှန်။

**၂။ ရှင်းလင်းခြင်း။** ။ အသိခက်တာတွေမသုံးနဲ့။ အဓိပ္ပာယ်နှစ်ခွထွက်တာမသုံးနဲ့။ အဓိပ္ပာယ်ဝေဝါးတဲ့စကားလုံးမသုံးသင့်။ ရှည်လွန်းတဲ့ဝါကျမသုံးသင့်။

**၃။ ကျစ်လစ်ခြင်း။** ။အဓိပ္ပာယ်တူစာလုံးတွေ၊ လုံးတွဲတွေ၊ သုံးနေကျလုံးပိုတွေ၊ စကားထပ်တာတွေ၊ ဝါကျထဲက စကားပိုတွေ၊ မပါစေရပါ။ အနှစ်ချုပ်ပြောတတ်၊ ရေးတတ်အောင် အလေ့အကျင့်ပြုခဲ့ရမယ်။

**၄။ တိကျခြင်း။** ။ ခေါင်းဆောင်နေရာတာဝန်ယူရသူဟာ ဝေဝေဝါးဝါး၊ မရေမရာ၊ မတိမကျ မပြောဆိုရ၊ မရေးသားရပါ။ ရေးတာသားတာ၊ ပြောတာဆိုတာက တိကျသေချာပြီး ဂဃနဏ ဖြစ်ရပါတယ်။ ကြိယာထောက်တွေ သုံးသင့်ရင်သုံးပါ။ ရ၊ နိုင်၊ မိ၊ ရာ စတဲ့စာလုံးတွေဟာ ကြိယာပုဒ်ကို တိကျစေတဲ့ကြိယာထောက်စာလုံးတွေပေါ့။ စကားလုံးနောက်ကွယ်မှာ သဘောထား၊ ခံစားချက်ပါနေတယ်။ ပြန်ဖတ်ကြည့်ပြီး စိစစ်သင့်တယ်။ အလေးပေးဝါကျကိုပေါ်လွင်အောင် သုံးတတ်ရမယ်။

**၅။ ပြေပြစ်ခြင်း။** ။ ပြောရာဆိုရာ၊ ရေးရာသားရာမှာ ပြေပြေပြစ်ပြစ်ဖြစ်ရင် မိမိလိုချင်တဲ့ညွှန်ကြားချက်၊ အမိန့်ပေးမှု၊ တာဝန်လွှဲမှုတွေမှာ ချောမောတယ်။ ဝါကျအတွင်း စကားပြေပြစ်မှုနဲ့ အနက်အဓိပ္ပာယ်ပြေပြစ်မှုဆိုပြီး နှစ်ပိုင်းပါဝင်တယ်။ နှစ်ခုစလုံးပြေပြစ်အောင်ပြောတတ်၊ ရေးတတ်ပါစေ။

**၆။ လိုက်ဖက်ခြင်း။** ။ စာဖတ်သူ၊ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ ပတ်ဝန်းကျင်၊ အခြေအနေ၊ အချိန်အခါ စတဲ့အချက်များနဲ့ ပြောတဲ့စကား၊ ရေးတဲ့စာ လိုက်ဖက်ပါစေ။ စာလုံးပုံသဏ္ဌာန်လိုက်ဖက်မှု၊ ဝိုက်ချနဲ့ မောက်ချ၊ ကင်းစီး၊ စာလုံးနှစ်လုံးဆင့်၊ ဂဏန်းနဲ့စာနဲ့ ရောရေးခြင်း၊ စကားအသုံးအနှုန်းလိုက်ဖက်မှု၊ လုပ်ငန်းသုံးစကား၊ ဗန်းစကား၊ ဓလေ့သုံးစကား၊ အတိုအကောက်စာလုံး စတဲ့အကြောင်းအချက်တွေကဒီနေရာမှာ အသေးစိတ်ဖော်ပြနေဖို့ မသင့်တဲ့အတွက် သိသာရုံမျှပဲ တင်ပြပါတယ်။ ဝါကျဖွဲ့ပုံလိုက်ဖက်မှု၊ ဝါကျတိုနဲ့ ဝါကျရှည်တို့ကို အကြောင်းအရာနဲ့ လိုက်ဖက်အောင်ရေးရ၊ ပြောရတာမျိုးရှိပါတယ်။

**နိဂုံး**

ခေါင်းဆောင်မှုတာဝန်ကို ဘဝတစ်ကွေ့မှာတော့ တစ်ချိန်ချိန်၊ တစ်နေရာရာမှာ ပါဝင်ဆောင်ရွက်ရတတ်တယ်။ ကြီးတာငယ်တာအပထား၊ ခေါင်းဆောင်မှုဟာ ခေါင်းဆောင်မှုပဲမို့ လူတစ်ဦးရဲ့ဘဝမှာ ကောင်းကျိုးကော၊ ဆိုးကျိုးကောရှိစေနိုင်တဲ့အခြေအနေတစ်မျိုးမို့ လူတိုင်းလူတိုင်းကကြိုတင်သိရှိအောင် လေ့လာစူးစမ်းခြင်း၊ လေ့လာလေ့ကျင့်ခြင်းတို့ပြုထားရင် ပြင်ဆင်သလောက် ကောင်းကျိုးတရားနဲ့ အောင်မြင်မှုတွေ တိုးတက်လာပါလိမ့်မယ်။ အသိဉာဏ် ဗဟုသုတလည်းနည်းတယ်။ ကြိုတင်မြော်တွေးတတ်တဲ့ အလေ့အထလည်းမရှိဘူးဆိုရင်တော့ ဘဝတစ်သက်တာလုံး ငယ်သားအဖြစ်နဲ့သာ နေသွားရပေမှာပဲ။ အခြေအနေအချိန်အခါပေးရင် ခေါင်းဆောင်မှုကို ပေါ့ပေါ့ပါးပါးပျော်ပျော်ရွှင်ရွှင်နဲ့ အောင်အောင်မြင်မြင်လုပ်နိုင်စွမ်းရှိသူ ဖြစ်စေချင်ပါတယ် ခင်ဗျာ။ စိတ်ဝင်စားပြီး လေ့လာထားသင့်ပါတယ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၆၂၀၂၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၆၂၀၂၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် ကုလားပဲ စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၄၈၃၁ ဧက၊ ခင်ဦးမြို့နယ်တွင် ၂၅၄၁ ဧက၊ ဝက်လက်မြို့နယ်တွင် ၅၄၃၂၇ ဧကနှင့် ကျောက်မြောင်းမြို့နယ်ခွဲတွင် ဧက ၃၃၀ စုစုပေါင်း ၆၂၀၂၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ ကုလားပဲ ဧက ၆၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်နေပါတယ်။ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာပါတယ်။ ကုလားပဲတွေအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်စေဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေနဲ့စိုက်ပျိုးရေးနည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း(၈)နှင့် ရေဆင်း(၁၁)မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧက စိုက်ပျိုးပါက ငွေကျပ် ၃၀၀၀၀၀ ကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံများအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်စေရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများ စသည့်လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။(၂၀၆)

## အင်္ဂပူမြို့နယ် သနပ်ခုံကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**အင်္ဂပူ စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သနပ်ခုံကျေးရွာ၌ ယခုဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအဖွဲ့ဝင်များနှင့်အတူ သနပ်ခုံကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

သနပ်ခုံကျေးရွာ၌ တစ်ဖက်လျှင် အရှည် ပေ ၉၀၀၊ အကျယ် နှစ်ပေ ခြောက်လက်မ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၃ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများက ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်ထံမှ သိရသည်။

**သံသာ**

## ဆရာ့ဂုဏ်

\- လလည်းမဟုတ် နေမဟုတ်
ဆန်းဆုတ်တိမ်အုပ်မရှိပါ။

\- ပန်းလည်းမဟုတ် စမ်းမဟုတ်
နွမ်းပုပ်ခန်းဆုတ်မရှိပါ။

\- ရွှေလည်းမဟုတ် ငွေမဟုတ်
အဖိုးယုတ်လျော့မရှိပါ။

\- ဆရာသည်
နေမင်းအရာ ထွန်းလင်းဖြာလျက်
ပင်မှာပွင့်ကား သီးပွင့်ထွားအောင်
စွမ်းဆောင်ကျေးဇူးပြုတတ်၏။

\- ဆရာသည်
လ၊ နေ၊ ရွှေထက် မြဲလင်းလက်၍
ပန်းထက်နုဖွေး စမ်းထက်အေး၏။

\- ဆရာသည်
မေတ္တာကြီးမား ကျောက်ဆောင်သားလို
တိုက်စားပွန်းပွဲ့ မငဲ့ကိုယ်ကျိုး
စွန့်ရိုးဓမ္မတာ သစ္စာကျိန်ဆို
ထူးမလိုဘူး နဂိုရှိရင်း
စီးဆင်းသွေးက ဖြူစင်လှ၍
ကြည်မြနှလုံး မြင်းမိုရ်ထုံးလို
ပြိုင်ဘက်ရှူးအောင် မြင့်မြတ်သူ။ ။

ယဉ်ယဉ်(ဘက်ရဲ)

## နိုင်ငံတကာ သတင်းများ

# အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခများရပ်ဆိုင်းရန် တရုတ်နိုင်ငံခြားရေးဝန်ကြီး ကုလသမဂ္ဂညီလာခံမိန့်ခွန်း၌ တိုက်တွန်း



နယူးယောက် စက်တင်ဘာ ၂၉

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီသည် စက်တင်ဘာ ၂၈ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ၌ မိန့်ခွန်းပြောကြားခဲ့ပြီး တရုတ်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးအကျိုးဆောင်အဖြစ် ရပ်တည်ချက်ကို မြှင့်တင်ရန် ကြိုးစားခဲ့ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်း ဒေသ၌ ဖြစ်ပွားနေသည့် စစ်ရေးပဋိပက္ခများ ရပ်ဆိုင်းကြရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးက အထွေထွေညီလာခံမိန့်ခွန်း၌ တိုက်တွန်းခဲ့ပြီး ယူကရိန်းစစ်ပွဲပြီးဆုံးရေးအတွက် တရုတ်အစိုးရက သံတမန်ရေးအရ ကြိုးပမ်းနေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

အစ္စရေး၏ လေကြောင်း ထိုးစစ်ကြောင့် လက်ဘနွန်အခြေစိုက်ဟစ်ဇ်ဘိုလာအဖွဲ့ခေါင်းဆောင် နာဆရယ်လာသေဆုံးခဲ့ပြီးနောက် အရှေ့အလယ်ပိုင်းဒေသ၌ စစ်ရေးပဋိပက္ခများရပ်ဆိုင်းကြရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးက အထွေထွေညီလာခံမိန့်ခွန်း၌ တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်၌ နေ့စဉ်စစ်ရေးပဋိပက္ခများဖြစ်ပွားနေချိန်တွင် လက်ဘနွန်နိုင်ငံတွင်လည်း စစ်ရေးပဋိပက္ခများ စတင်ဖြစ်ပွားနေကြောင်း၊ သို့ရာတွင် အင်အားသည် တရားမျှတမှုကို အစားမထိုးနိုင်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် မကြာသေးမီနှစ်များအတွင်း နိုင်ငံတကာပြဿနာများကြား ပိုမိုကြားဝင်လာခဲ့ပြီး အမေရိကန်နိုင်ငံနှင့်အပြိုင် တစ်ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးအကျိုးဆောင်အဖြစ် ရပ်တည်ရန် ကြိုးပမ်းလျက်ရှိသည်။

ယခုနှစ် ဇွန်လအတွင်း တရုတ်နိုင်ငံသည် ပါလက်စတိုင်းပြိုင်ဘက်အုပ်စု နှစ်စုဖြစ်သည့် ဟားမတ်စ်အုပ်စုနှင့် ဖတာအုပ်စုတို့ကြား ဆွေးနွေးပွဲများကို ပေကျင်းမြို့၌ လက်ခံကျင်းပပေးခဲ့ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# ဆိုမာလီယာနိုင်ငံ၌ဗုံးပေါက်ကွဲမှုများဖြစ်ပွား ခြောက်ဦးသေဆုံး၍ ၁၀ ဦးဒဏ်ရာရရှိ

မိုဂါဒစ်ရှူး စက်တင်ဘာ ၂၉

ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူးမြို့နှင့် အလယ်ပိုင်းဒေသမြို့တစ်မြို့၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ရာ လူခြောက်ဦးသေဆုံး၍ ၁၀ဦး ဒဏ်ရာများရရှိခဲ့ကြောင်း စက်တင်ဘာ ၂၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုများသည် မိုဂါဒစ်ရှူးမြို့နှင့် အလယ်ပိုင်း ရှာဗယ်လီဒေသ မြို့တစ်မြို့တို့၌ စက်တင်ဘာ ၂၇ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါဗုံးခွဲတိုက်ခိုက်မှုများအတွက် တာဝန်ရှိကြောင်း မည်သည့်စစ်သွေးကြွအုပ်စုကမျှ ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

သို့သော် အယ်လ်ရှာဘတ်စစ်သွေးကြွအုပ်စုသည် မိုဂါဒစ်ရှူးမြို့နှင့် ဆိုမာလီယာနိုင်ငံတစ်ဝန်းတို့၌ အကြမ်းဖက်တိုက်ခိုက်မှုများ မကြာခဏပြုလုပ်လေ့ရှိသည်။

မိုဂါဒစ်ရှူးမြို့၌ ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုမှာ အမျိုးသားဇာတ်ရုံအနီး လမ်းတစ်လမ်းပေါ်၌ ရပ်ထားသည့် မော်တော်ယာဉ်တစ်စီးတွင် တပ်ဆင်ထားသည့် ဗုံးတစ်လုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ဆိုမာလီယာသမ္မတရုံးနှင့် တစ်ကီလိုမီတာအကွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး အပါအဝင် ငါးဦးသေဆုံး၍ ဂျိုဟာအမည်ရှိမြို့၌ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုတွင် တစ်ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO



# တရုတ်နိုင်ငံဦးဆောင်သော ယူကရိန်းငြိမ်းချမ်းရေးကြိုးပမ်းမှု ထောက်ခံကြောင်း ဆွစ်ဇာလန်နိုင်ငံပြောကြား

စတော့ဟုမ်း စက်တင်ဘာ ၂၉

ယူကရိန်းစစ်ပွဲ အဆုံးသတ်ရေးအတွက် တရုတ်နိုင်ငံဦးဆောင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ရပ်ကိုကြိုဆိုကြောင်း ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၈ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံနယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် ဘရာဇီးနိုင်ငံခြားရေး မူဝါဒအကြံပေး ဆယ်လ်ဆိုအမိုရင်မ်တို့ ဦးဆောင်သည့် ယူကရိန်းငြိမ်းချမ်းရေးဆွေးနွေးပွဲတစ်ရပ်ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၁၇ နိုင်ငံတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ဆွစ်ဇာလန်တာဝန်ရှိသူများလည်း လေ့လာသူအဖြစ် ပါဝင်တက်ရောက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံ ဦးဆောင်သည့် ယူကရိန်းငြိမ်းချမ်းရေးကြိုးပမ်းမှုများ၌ အပြောင်းအလဲများ အထိုက်အလျောက်ရှိသည်ကို မိမိတို့လက်ခံထားကြောင်း ဆွစ်ဇာလန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံသည် ယခုနှစ်ဇွန်လအတွင်း အောင်ဝါလ်ဂျင်စတော့ခ်မြို့၌ ယူကရိန်းငြိမ်းချမ်းရေးနိုင်ငံတကာညီလာခံကို လက်ခံကျင်းပခဲ့ရာ နိုင်ငံပေါင်း ၉၀ကျော်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယူကရိန်းစစ်ပွဲမှာ သုံးနှစ်တာကာလအတွင်းသို့ ဝင်ရောက်လာပြီဖြစ်သော်လည်း ရုရှားနှင့်ယူကရိန်းတို့ကြား ရပ်တည်ချက်ကွဲပြားမှုကြောင့် ငြိမ်းချမ်းရေးယူနိုင်ရေးမှာ ခက်ခဲနေဆဲဖြစ်သည်။

တရုတ်နိုင်ငံသည် ယူကရိန်း ငြိမ်းချမ်းရေး အဆိုပြုချက်များကို ယခုနှစ်မေလအတွင်း တရားဝင်ကြေညာထားပြီး ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# လက်ဘနွန်ရောက် နိုင်ငံသားများထွက်ခွာကြရန် စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာန တိုက်တွန်း

စင်ကာပူ စက်တင်ဘာ ၂၉

လက်ဘနွန် နိုင်ငံရောက် စင်ကာပူ နိုင်ငံသားများအနေဖြင့် ဆက်သွယ်ရေးလမ်းကြောင်းများ ပွင့်နေစဉ်တွင် လက်ဘနွန်မှထွက်ခွာကြရန် စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနကစက်တင်ဘာ ၂၈ရက်တွင် တိုက်တွန်းထားသည်။

ထို့ပြင် လက်ဘနွန်ရောက် စင်ကာပူနိုင်ငံသားများအနေဖြင့် ဘေရွတ်မြို့တောင်ပိုင်း၊ လက်ဘနွန်တောင်ပိုင်း၊ လက်ဘနွန်နှင့် အစ္စရေးနယ်စပ်ဒေသများသို့ မသွားရောက်ကြရန်လည်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အစ္စရေးနိုင်ငံက လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ကို စက်တင်ဘာ ၂၇ ရက်မှစ၍ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်လျက်ရှိသည်။

စက်တင်ဘာ ၂၇ ရက်တွင် ပြုလုပ်ခဲ့သောအစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ဟစ်ဇ်ဘိုလာအုပ်စုခေါင်းဆောင် နာဆရယ်လာသေဆုံးခဲ့ရာ အစ္စရေးနှင့် ဟစ်ဇ်ဘိုလာကြား စစ်ရေးပဋိပက္ခများ ပို၍ပြင်းထန်လာနိုင်သည်။

သို့ဖြစ်ရာ ဒေသတွင်းအခြေအနေများအရ လက်ဘနွန်ရောက် စင်ကာပူနိုင်ငံသားများအနေဖြင့် လက်ဘနွန်မှ အမြန်ဆုံးထွက်ခွာသင့်ကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနက အကြံပြုထားသည်။

ထို့ပြင် လက်ဘနွန်၌ ရှိနေစဉ် စင်ကာပူနိုင်ငံသားများ အနေဖြင့် ဆန္ဒပြပွဲများနှင့် လူစုလူဝေးများကို ရှောင်ရန်လည်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# ပါကစ္စတန်နိုင်ငံ၌ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် အနည်းဆုံးခြောက်ဦး သေဆုံး



အစ္စလာမ်မာဘတ် စက်တင်ဘာ ၂၉

ပါကစ္စတန်နိုင်ငံ မြောက်ပိုင်း၌ စင်းလုံးငှားရဟတ်ယာဉ်တစ်စင်း စက်တင်ဘာ ၂၈ ရက်က ပျက်ကျခဲ့ရာ အနည်းဆုံး လူပေါင်း ခြောက်ဦးသေဆုံးခဲ့ရသည်။

ပျက်ကျခဲ့သည့် ရဟတ်ယာဉ်သည် ပါကစ္စတန်မြောက်ပိုင်း ခိုင်ဘာပတ်ခွန်ခွါ ပြည်နယ်မှ ပုဂ္ဂလိကကုမ္ပဏီတစ်ခုက ငှားရမ်းထားသော ရဟတ်ယာဉ်ဖြစ်ကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

၎င်းရဟတ်ယာဉ်သည် အာဖဂန်နစ္စတန်နယ်စပ်အနီးရှိ မြောက်ဝဇီရစ္စတန်နယ်မြေမှ ပျံတက်ခဲ့ပြီး မကြာမီမှာပင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

အဆိုပါရဟတ်ယာဉ်ပေါ်တွင် ရုရှားရဟတ်ယာဉ်မှူးများ အပါအဝင် လူပေါင်း ၁၄ ဦး လိုက်ပါသွားကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရဟတ်ယာဉ် ပျက်ကျမှုကြောင့် လိုက်ပါသွားသူများအနက် ခြောက်ဦးသေဆုံး၍ ရှစ်ဦးဒဏ်ရာများရရှိခဲ့သည်။

ပြီးခဲ့သည့် ၁၀ နှစ်အတွင်း ပါကစ္စတန်တပ်မတော်နှင့် အရပ်ဘက် လေကြောင်းနယ်ပယ်များ အနေဖြင့်လေကြောင်းမတော်တဆမှုများကို ဆက်တိုက်ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက Crew-9 မစ်ရှင်ကို အောင်မြင်စွာ လွှတ်တင်ခဲ့



**ဝါရှင်တန် စက်တင်ဘာ ၂၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် စက်တင်ဘာ ၂၈ ရက်တွင် Crew-9 မစ်ရှင်ကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

Crew-9 မစ်ရှင်အရ အာကာသယာဉ်မှူးနှစ်ဦးလိုက်ပါသွားသည့် Crew Dragon အာကာသလူသယ်ယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Crew Dragon အာကာသ လူသယ်ယာဉ်သည် ယနေ့တွင် နိုင်ငံတကာအာကာသ စခန်းနှင့် ချိတ်ဆက်မည်ဖြစ်ကြောင်း Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Crew-9 မစ်ရှင်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့်ရယူထားသော သဘောတူညီချက်အရ Space-X ကုမ္ပဏီက လွှတ်တင်ပေးခဲ့သော နဝမမြောက် နိုင်ငံတကာအာကာသစခန်း ယာဉ်မှူးသယ်ယူပို့ဆောင်ရေးမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် Crew-9 မစ်ရှင်ကို လွှတ်တင်ရာတွင် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ SLC-40 အမည်ရှိ ဒုံးပစ်စင်ကို ပထမဆုံးအကြိမ် အသုံးပြုခဲ့ကြောင်း သိရသည်။

အဆိုပါဒုံးပစ်စင်သည် ယခင်က အာကာသယာဉ်မှူးများလိုက်ပါမှုမရှိသော အာကာသမစ်ရှင်များကို လွှတ်တင်ရာတွင်သာ အသုံးပြုခဲ့သည့် ဒုံးပစ်စင်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ကမ္ဘာပတ်လမ်းကြောင်းအတွင်းဝင်ရောက်လာပြီး ယာယီအားဖြင့်ပိတ်မိနေမည့် ဂြိုဟ်သိမ်ငယ်ကို တယ်လီစကုပ်များအကူအညီဖြင့် တွေ့မြင်နိုင်မည်

**ဝါရှင်တန် စက်တင်ဘာ ၂၉**

ကမ္ဘာပတ်လမ်းကြောင်းအတွင်း ဝင်ရောက်လာပြီး ယာယီအားဖြင့် ပိတ်မိနေမည့် ဂြိုဟ်သိမ်ငယ်ကို ယနေ့မှစ၍ တယ်လီစကုပ်များအကူအညီဖြင့် တွေ့မြင်နိုင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

2024 PT 5 ဟူ၍အမည်ပေးထားသော အဆိုပါဂြိုဟ်သိမ်ငယ်သည် ယနေ့တွင် ကမ္ဘာဂြိုဟ်၏ ဒြပ်ဆွဲအားအောက်သို့ ဝင်ရောက်လာမည်ဖြစ်ပြီး ကမ္ဘာ၏အသေးစားဂြိုဟ်ရံလငယ်အဖြစ် နှစ်လခန့်ကြာ ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

၎င်းဂြိုဟ်သိမ်ငယ်သည် ယနေ့မှစ၍ နိုဝင်ဘာ ၂၅ ရက်ထိ ကမ္ဘာကို လှည့်ပတ်ပျံသန်းပြီးနောက် နေအဖွဲ့အစည်းအတွင်းသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။



2024 PT 5 ဂြိုဟ်သိမ်ကို သာမန်မျက်စိဖြင့် တွေ့မြင်နိုင်မည်မဟုတ်သော်လည်း တယ်လီစကုပ်များဖြင့် ထောက်လှမ်းကြည့်ရှုပါက တွေ့မြင်နိုင်ဖွယ်ရှိသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

2024 PT 5 ဂြိုဟ်သိမ်ကိုအမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂြိုဟ်သိမ်အန္တရာယ် သတိပေးစနစ်က ယခုနှစ် ဩဂုတ် ၇ ရက်တွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

2024 PT 5 ကဲ့သို့သော ဂြိုဟ်သိမ်ငယ်များသည် ပျံသန်းမှုအရှိန် နှုန်း တစ်နာရီလျှင် မိုင် ၂၂၀၀ သာရှိခဲ့ပါက ကမ္ဘာဂြိုဟ်၏ ဒြပ်ဆွဲအားအောက်သို့ ယာယီအားဖြင့် ဝင်ရောက်လာတတ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ကမ္ဘာဂြိုဟ်နှင့်အလင်းနှစ် ၄၀၀၀ အကွာတွင်ရှိသော ကျောက်သားဂြိုဟ်တစ်စင်းက တစ်နေ့နေ့တစ်ချိန်ချိန်တွင် ကမ္ဘာဂြိုဟ်ရင်ဆိုင်ရမည့်ကံကြမ္မာကို ပြသနေ

**ဝါရှင်တန် စက်တင်ဘာ ၂၉**

ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၄၀၀၀ အကွာတွင် တည်ရှိသော ကျောက်သား ဂြိုဟ်တစ်စင်းသည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ကမ္ဘာဂြိုဟ်ရင်ဆိုင်ရမည့် ကံကြမ္မာကို ပြသနေကြောင်း စက်တင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်နည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များ တွေ့ရှိထားသည့် အထက်ပါ ကျောက်သားဂြိုဟ်သည် တစ်ချိန်သောအခါက သက်ရှိများ ရှင်သန်နိုင်ခဲ့ဖွယ်ရှိပြီး ကမ္ဘာဂြိုဟ် နေကိုလှည့်ပတ်နေသော ပုံစံမျိုးဖြင့် မိခင်ကြယ်ကို ဗဟိုပြု လှည့်ပတ်နေခဲ့ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ၎င်းကျောက်သားဂြိုဟ်သည် တစ်ချိန်က ကမ္ဘာဂြိုဟ်ကဲ့သို့ပင် မိခင်ကြယ်ကို သက်ရှိများရှင်သန်နိုင်ခြေရှိသည့် ပတ်လမ်းနေရာမှ တစ်ဆင့် လှည့်ပတ်ခဲ့ဖွယ်ရှိကြောင်း သိရသည်။

သို့ရာတွင် မိခင်ကြယ် ကြယ်သက်တမ်းကုန်ဆုံး၍ အဖြူရောင်ကြယ်သိမ်တစ်စင်းအဖြစ် ပြောင်းလဲသွားချိန်တွင် အဆိုပါ ကျောက်သားဂြိုဟ်မှာ မိခင်ကြယ်နှင့် ပိုဝေးရာသို့ မျောလွင့်ခဲ့ရပြီး လက်ရှိအချိန်တွင် သက်ရှိများရှင်သန်နိုင်မည့် အခြေအနေ ပျောက်ကွယ်သွားပြီဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါဂြိုဟ်သည် လာမည့် နှစ် သန်းပေါင်းများစွာအကြာ၌ ကမ္ဘာဂြိုဟ် ရင်ဆိုင်ရနိုင်သည့် ကံကြမ္မာကို ပြသနိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## မျိုးဆက်ပွားနည်းပညာဖြင့် မွေးသောကလေးများ၌ မွေးရာပါနှလုံးပြဿနာပါလာနိုင်ခြေ မြင့်မား

**စတော့ဟုမ်း စက်တင်ဘာ ၂၉**

မျိုးဆက်ပွားနည်းပညာများ အထောက်အကူဖြင့် မွေးဖွားလာသောကလေးများတွင် မွေးရာပါနှလုံးချို့ယွင်းမှုပြဿနာ ပါလာနိုင်ခြေမြင့်မားကြောင်းသုတေသနပညာရှင်များက စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

ဆွီဒင်နိုင်ငံ ဂိုသင်ဘာ့ဂ် တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ IVF နည်းပညာကဲ့သို့ မျိုးဆက်ပွားနည်းပညာများ အကူအညီဖြင့် မွေးဖွားလာသော ကလေးများတွင် မွေးရာပါနှလုံးချို့ယွင်းမှုပါလာနိုင်ခြေမှာ ပုံမှန်ထက် ၃၆ ရာခိုင်နှုန်း ပိုများကြောင်း သိရသည်။

ဆွီဒင် သုတေသနပညာရှင်များသည် သဘာဝအားဖြင့်မွေးဖွားလာသောကလေးများနှင့် မျိုးဆက်ပွားနည်းပညာ အထောက်အကူဖြင့် မွေးဖွားလာသောကလေးများ စုစုပေါင်း ၇ ဒသမ ၇ သန်းတို့၏ အချက်အလက်များကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ မျိုးဆက်ပွားနည်းပညာ အထောက်အကူဖြင့် မွေးဖွားလာသော ကလေးများမှာ သဘာဝအားဖြင့် မွေးဖွားသော ကလေးများထက် မွေးရာပါနှလုံး ပြဿနာများ ပါလာနိုင်ခြေ ၃၆ ရာခိုင်နှုန်း ပိုမြင့်မားသည်ကိုတွေ့ရကြောင်းသုတေသနပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ မျိုးဆက်ပွားပြဿနာများရှိနေသော မိဘများနှင့် မွေးဖွားလာသောကလေးများ၌ မွေးရာပါနှလုံးချို့ယွင်းမှုပြဿနာ ပေါ်လာနိုင်မှုတို့ကြား ဆက်စပ်မှုတစ်စုံတစ်ရာရှိနေနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## စမ်းသပ်ဆဲပဋိပစ္စည်းကုထုံးတစ်မျိုးက အူမကြီး ရောင်ရမ်းမှုရောဂါ၏လက္ခဏာများကို လျှော့ချနိုင်

**နယူးယောက် စက်တင်ဘာ ၂၉**

စမ်းသပ်ဆဲ သွေးဖြူဆဲလ်အခြေခံ ပဋိပစ္စည်းကုထုံးတစ်မျိုးသည် Ulcerative Colitis ခေါ် အူမကြီး ရောင်ရမ်းမှုရောဂါတစ်မျိုး၏ ရောဂါလက္ခဏာများကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း စက်တင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Tulisokibart ဆေးသည် စမ်းသပ်မှုတွင်ပါဝင်သော Ulcerative Colitis လူနာလေးပုံတစ်ပုံကျော်၌ ရောဂါလက္ခဏာများ ဖြစ်ပေါ်လာမှုကို တားဆီးပေးနိုင်သည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

Tulisokibart ကုထုံးသည် TL 1 A ခေါ် ပရိုတင်းတစ်မျိုးကို ထိန်းချုပ်နိုင်သော ပဋိပစ္စည်းများထုတ်ပေးခြင်းဖြင့် Ulcerative Colitis ရောဂါလက္ခဏာများကို လျှော့ချပေးကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ထို့ပြင် Tulisokibart ကုထုံးသည် ရောင်ရမ်းမှုပြဿနာနှင့် အူမကြီးတစ်ရှူးများမာတင်းလာမှု (Fibrosis)ကိုလည်း လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ပဏာမစမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Tulisokibart ကုထုံးသည် အခြားကုထုံးများကို တုံ့ပြန်မှုမရှိတော့သည့် Ulcerative Colitis လူနာများအတွက် ကုထုံးသစ်တစ်မျိုးဖြစ်လာနိုင်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဟယ်ရီကိန်း ဒဏ်ရာရရှိ

**ဘာလင် စက်တင်ဘာ ၂၉**

ဘွန်ဒက်လီဂါအမှတ်ပေးပြိုင်ပွဲအဖြစ် ကစားခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် လေဗာကူဆင်အသင်းတို့ပွဲစဉ်တွင် တိုက်စစ်မှူး ဟယ်ရီကိန်း ဒဏ်ရာရရှိခဲ့ကြောင်း အသင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်ကို ဦးဆောင်လာခဲ့သော်လည်း ပွဲချိန် ၈၆ မိနစ်၌ခြေဖနောင့်ဒဏ်ရာရရှိခဲ့သဖြင့် အသင်းဖော်ကစားသမား သောမတ်မူလာနှင့် လူစားလဲခဲ့ရပြီး ဒဏ်ရာမရခင်ကာလအတွင်းတွင်လည်း ဂိုးပေါက်ကန်သွင်းမှု တစ်ကြိမ်မျှပြုလုပ်နိုင်ခြင်းမရှိခဲ့သောကြောင့် ပထမပိုင်းပွဲကစားချိန်ရလဒ်ဖြစ်သည့်တစ်ဖက်တစ်ဂိုးစီဖြင့်သာ ပြီးဆုံးခဲ့သည်။

လက်ရှိတွင် ဟယ်ရီကိန်း၏ ဒဏ်ရာအခြေအနေကို လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်လျက်ရှိပြီး အသင်းဆရာဝန်များက ပြင်းထန်သည့် လက္ခဏာမဟုတ်ကြောင်း ပြောကြားထားသော်လည်းအတိအကျမသိရသေးသဖြင့် ရက်ပိုင်းအတွင်း ဆက်လက်စောင့်ကြည့်၍ ထပ်မံထုတ်ပြန်မည်ဖြစ်သည်။

နည်းပြကွန်ပနီက "ကျွန်တော် ဆရာဝန်တစ်ယောက် မဟုတ်ပါဘူး။ ဒါပေမဲ့ ဟယ်ရီကိန်းရဲ့ ဒဏ်ရာပြင်းထန်မှာမဟုတ်ဘူးလို့ မျှော်လင့်ပါတယ်။ လာမဲ့ ဗုဒ္ဓဟူးနေ့မှာ ကစားမဲ့ အေဗီလာနဲ့ချန်ပီယံလိဂ်ပွဲမှာ ပါဝင်ကစားနိုင်မယ်လို့ထင်ပါတယ်" လေဗာကူဆင်အသင်းနှင့်ပွဲစဉ်အပြီးတွင် ပြောကြားခဲ့သည်။

ဟယ်ရီကိန်းသည် ဘွန်ဒက်လီဂါ ပွဲစဉ်ငါးပွဲကစားအပြီးတွင် သွင်းဂိုး ၁၀ ဂိုးထိ သွင်းယူကာ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ဦးဆောင်နေသူဖြစ်ပြီး ချန်ပီယံလိဂ် ပြိုင်ပွဲတွင်လည်း အသင်းအတွက် လေးဂိုးသွင်းယူကာ ဒိုင်နမိုဇာဂရက်အသင်းကို ကိုးဂိုး နှစ်ဂိုးဖြင့်အနိုင်ယူ၍ အမှတ်ပေးဇယားအဆင့်(၁)သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

Ref : 90Min
Trs : ML




## အားကစားသတင်းအတိုအထွာများ

- ၂၀၂၆ ကမ္ဘာ့ဖလားတွင် ပါဝင်ကစားမည်ဟုထုတ်ဖော်ပြောကြားခဲ့သည့် စီရော်နယ်ဒိုက အယ်နာဆာအသင်းနှင့် သက်တမ်းတိုးရန် စီစဉ်နေသည်။
- မန်ယူအသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းခေါင်းဆောင် ဆွန်ဟောင်မင်ကို ဒဏ်ရာကြောင့် ချန်ထားခဲ့ရကြောင်း စပါးနည်းပြ ပိုစတီကိုဂလူက ထုတ်ဖော်ပြောကြားခဲ့သည်။
- ဘရန့်ဖို့ဒ်အသင်းက ဝက်စ်ဟမ်းအသင်းကို သရေရလဒ်ကစားခဲ့သည့်ပွဲစဉ်တွင် တစ်မိနစ်အတွင်း ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် အမှတ်ပေးသုံးပွဲဆက်တိုက် တစ်မိနစ်အတွင်း ဂိုးသွင်းယူနိုင်သည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ML


# ပရီးမီးယားလိဂ်တွင် ပထမပိုင်းပွဲချိန်အတွင်း သွင်းဂိုးလေးဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် ချဲလ်ဆီးအသင်းမှ ပယ်မာ မှတ်တမ်းဝင်



**လန်ဒန် စက်တင်ဘာ ၂၉**

ချဲလ်ဆီးအသင်းက ဘရိုက်တန်အသင်းကို လေးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ချဲလ်ဆီးအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပထမပိုင်း ပွဲကစားချိန်အတွင်း သွင်းယူပေးခဲ့သည့် တိုက်စစ်မှူး ပယ်မာအနေဖြင့် မှတ်တမ်းကောင်းတစ်ရပ်ကိုပိုင်ဆိုင်ခဲ့သည်။

ပယ်မာသည် ဘရိုက်တန်အသင်းကို ပွဲချိန် ၂၁ မိနစ်၊ ၂၈ မိနစ်၊ ၃၁ မိနစ်နှင့် ၄၁ မိနစ်တို့တွင် ချေပဂိုးနှင့် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၂၀ အတွင်း သွင်းဂိုးလေးဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ်သမိုင်းတွင် ပထမပိုင်း၌ သွင်းဂိုး လေးဂိုး သွင်းယူနိုင်သည့် ပထမဆုံးကစားသမားဖြစ်လာခဲ့သည်။

ထို့ပြင် ပယ်မာသည် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း အဲဗာတန်အသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးလေးဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် အသင်းသမိုင်းတွင် ဒရော့ဘာ၊လမ်းပတ်နှင့်ဟက်ဆယ်ဘိန့်တို့နောက်တွင် စတုတ္ထမြောက် သွင်းဂိုး လေးဂိုး သွင်းယူနိုင်သည့် မှတ်တမ်းကောင်းကိုလည်း ရရှိခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် သမိုင်းတွင် ပြိုင်ပွဲတစ်ခုအတွင်း သွင်းဂိုးငါးဂိုးထိသွင်းယူနိုင်သည့် ကစားသမားများရှိခဲ့သော်လည်း ပထမပိုင်းပွဲချိန်အတွင်း သွင်းဂိုးလေးဂိုးထိသွင်းယူနိုင်သည့် ကစားသမားမရှိခဲ့ဘဲ ယခုပွဲစဉ်မှသာ ပယ်မာက ချဲလ်ဆီးအသင်းအတွက် ပွဲချိန်မိနစ် ၂၀ အတွင်း သွင်းဂိုးလေးဂိုး သွင်းယူပေးပြီး ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကာ ၎င်းအနေဖြင့် ပရီးမီးယားလိဂ်တွင် သွင်းဂိုး ၃၉ ဂိုးထိသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : ESPN
Trs : ML

# ဝုဗ်အသင်းကိုအနိုင်ယူ၍ ပရီးမီးယားလိဂ်အမှတ်ပေးဇယားကို လီဗာပူးအသင်းဦးဆောင်

**လန်ဒန် စက်တင်ဘာ ၂၉**

စနေနေ့က ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် လီဗာပူးအသင်းက အိမ်ရှင် ဝုဗ်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ပရီးမီးယားလိဂ်အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် ပွဲစဉ်(၆) အစောဆုံးပွဲစဉ်အဖြစ် ကစားခဲ့သည့် နယူးကာဆယ်အသင်းနှင့် မန်စီးတီးအသင်းတို့ပွဲစဉ်တွင် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် မန်စီးတီးအသင်းက တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သောကြောင့် ရမှတ် ၁၄ မှတ်သာရရှိခဲ့ပြီး ဒုတိယနေရာမှ ဖိအားပေးနေသည့် လီဗာပူးအသင်းအနေဖြင့် ဝုဗ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ရမှတ် ၁၅ မှတ်ရရှိခဲ့ပြီး အမှတ်ပေးဇယား ထိပ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နည်းပြ စလော့၏ လီဗာပူးအသင်းက အဝေးကွင်းသွားရောက်ကစားခဲ့ရသော်လည်း ဝုဗ်အသင်းကို ထိန်းချုပ်ကစားနိုင်ခဲ့သဖြင့် ပွဲချိန် ၄၅ မိနစ်တွင် ကွန်နာတီက ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ဒုတိယပိုင်းစတင်ပြီး ငါးမိနစ်အကြာတွင် တိုက်စစ်မှူး ဆာလာဟ်က ပင်နယ်တီမှ ဒုတိယဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့ကာ နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန် ၅၆ မိနစ်တွင် ချေပဂိုးတစ်ဂိုးပြန်လည်ခွင့်ပြုရသောကြောင့် နှစ်ဂိုးတစ်ဂိုးဖြင့်သာ အနိုင်ရရှိခဲ့သည်။

အမှတ်ပေးပြိုင်ပွဲ ခြောက်ပွဲအပြီးတွင် လီဗာပူးအသင်းက ငါးပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် ၁၅ မှတ်ဖြင့် အဆင့်(၁)၊ မန်စီးတီးအသင်းနှင့် အာဆင်နယ်အသင်းတို့က လေးပွဲနိုင်၊ နှစ်ပွဲသရေ ရမှတ် ၁၄ မှတ်ဖြင့် အဆင့်(၂)၊ အဆင့်(၃)တွင် ရပ်တည်နေကြောင်း သိရသည်။

Ref : ESPN
Trs : ML

# Presidents Cup ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့တွင် အမေရိကန်အသင်းက အင်တာနေရှင်နယ်အသင်းကို ၁၁-၇ ရလဒ်ဖြင့် ဦးဆောင်

**မွန်ထရီရယ် စက်တင်ဘာ ၂၉**

ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ် မွန်ထရီရယ်မြို့တွင် ကျင်းပနေသည့် Presidents Cup ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန်အသင်းက အင်တာနေရှင်နယ်အသင်းကို ၁၁-၇ ရလဒ်ဖြင့် ဦးဆောင်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် အသင်းသည် ပထမနေ့တွင် ပြတ်သားသည့် ရလဒ်ဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားခဲ့ပြီးနောက် အင်တာနေရှင်နယ်အသင်းက ဒုတိယနေ့တွင် အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့သည့်အတွက် အမေရိကန်အသင်း၏ ချန်ပီယံမျှော်လင့်ချက်မှေးမှိန်ခဲ့ရသော်လည်း အမေရိကန်အသင်းသားများသည် တတိယနေ့တွင် အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ပြီးနောက် အင်တာနေရှင်နယ်အသင်းအားဦးဆောင်နိုင်ခဲ့သောကြောင့် ချန်ပီယံဆုဆွတ်ခူးနိုင်ရန် ရေပန်းစားလာခဲ့သည်။

အမေရိကန် အသင်းအတွက် စကော့တီရှက်ဖလာနှင့် မိုရီကာဝါတို့ကအကောင်းဆုံးလက်စွမ်းပြသနိုင်ခဲ့ပြီးအင်တာနေရှင်နယ်အသင်းမှ ဩစတြေးလျဂေါက်သီးရိုက်ကစားသမားအာဒမ်စကော့ကြောင့် အမေရိကန်အသင်း အနေဖြင့် ချန်ပီယံဆုကိုသေချာပေါက် ဆွတ်ခူးနိုင်တော့မည့် အခြေအနေဖြင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်။



အမေရိကန်အသင်းမှ စကော့တီရှက်ဖလာက "အင်တာနေရှင်နယ် အသင်းသားတွေဟာ အကောင်းဆုံးလုပ်ပြနိုင်ခဲ့ကြတယ်။ ဒုတိယနေ့မှာ သူတို့အသင်းက ကစားသွားတာ ကောင်းပါတယ်။ ကျွန်တော်တို့ ဘာမှမတတ်နိုင်ခဲ့ဘူး။ ဒါပေမဲ့ ကျွန်တော်အသင်းက အသင်းသားတွေကလဲ တတိယနေ့မှာ အကောင်းဆုံးလုပ်ပြနိုင်ခဲ့ကြတယ်။ တတိယနေ့မှာ ကျွန်တော်တို့ အမေရိကန်အသင်းသားတွေ လုပ်ပြနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်က တကယ့်ကိုအံ့မခန်းပါပဲ။ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ဖို့ အခွင့်အရေးကောင်းတွေရရှိထားတယ်။ ဒါပေမဲ့ အင်တာနေရှင်နယ် အသင်းသားတွေကလဲ မထင်မှတ်တာတွေလုပ်ပြနိုင်တဲ့အတွက် နောက်ဆုံးနေ့မှာ တော်တော်လေးကို သတိထားကစားသွားရမဲ့ အခြေအနေဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# ကာတာနိုင်ငံခြေစမ်းပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်ယူ-၁၆အသင်းက ကာတာယူ-၁၆ အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



ရန်ကုန် စက်တင်ဘာ ၂၉

ခြေစမ်းပွဲစဉ်များ ကစားရန်အတွက် ကာတာနိုင်ငံတွင် ရောက်ရှိနေပြီး မြန်မာ့လက်ရွေးစင်ယူ-၁၆ အသင်းသည် ခရီးစဉ်အတွင်းဒုတိယမြောက် ခြေစမ်းပွဲစဉ်အဖြစ် စက်တင်ဘာ ၂၈ ရက် ညပိုင်းက ကာတာယူ-၁၆အသင်းနှင့်ကစားခဲ့ရာ တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်ယူ-၁၆ အသင်းက ကာတာယူ-၁၆ အသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့ပြီး မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၅၃ မိနစ်တွင် အောင်သီဟက သွင်းယူပေးနိုင်ခဲ့သည်။

အာရှ ယူ-၁၇ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်လျက်ရှိနေသည့် မြန်မာ့လက်ရွေးစင်ယူ-၁၆ အသင်းသည် စက်တင်ဘာ ၂၄ ရက်တွင် ကာတာနိုင်ငံသို့ ရောက်ရှိကာ စခန်းသွင်းလေ့ကျင့်မှုများ လုပ်ဆောင်လျက်ရှိနေပြီး ခရီးစဉ်အတွင်း ပထမဆုံးခြေစမ်းပွဲစဉ်အဖြစ် စက်တင်ဘာ ၂၆ ရက်တွင် ကာတာယူ-၁၆အသင်းနှင့် ကစားခဲ့ရာ နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲစဉ်တွင် တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းသည် အာရှယူ-၁၇ပြိုင်ပွဲခြေစစ်ပွဲတွင် အုပ်စု(I)၌ ဗီယက်နမ်အသင်း၊ ယီမင်အသင်း၊ ကာဂျစ်စတန်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုပွဲစဉ်များကို လာမည့် အောက်တိုဘာ ၂၃ရက်မှ ၂၇ရက်ထိ ဗီယက်နမ်နိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# European ဘင်တန်ဝိတ်တန်း ချန်ပီယံဆုကို အက်ဝက်ဒ် ဆွတ်ခူး

လန်ဒန် စက်တင်ဘာ ၂၉

European ဘင်တန်ဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲအဖြစ် လက်ရှိချန်ပီယံကင်မရွန်းလက်ဝှေ့သမား အက်ဆွမ်ဘာနှင့် စိန်ခေါ်သူ အင်္ဂလန်လက်ဝှေ့သမား အက်ဝက်ဒ်တို့ ယနေ့တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ အက်ဝက်ဒ်ကဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ European ဘင်တန်ဝိတ်တန်း ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

လက်ရှိချန်ပီယံအက်ဆွမ်ဘာ အနေဖြင့် အက်ဝက်ဒ်ကို ဖိအားပေးထိုးသတ်နိုင်ခဲ့သော်လည်း အက်ဆွမ်ဘာ၏ အမှားကို စောင့်ဆိုင်းကာရလာသည့် အခွင့်အရေးကို အကောင်းဆုံး အသုံးချနိုင်ခဲ့သည့် အက်ဝက်ဒ်က အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့သည်။

အက်ဆွမ်ဘာသည် နည်းဗျူဟာကောင်းသည့်လက်ဝှေ့သမားတစ်ဦးဖြစ်သည့်အတွက် အက်ဆွမ်ဘာကို အနိုင်ရအောင် ထိုးသတ်နိုင်ရေး ခက်ခဲခဲ့ကြောင်း အက်ဝက်ဒ်က ပွဲအပြီး ဝန်ခံပြောကြားခဲ့သည်။

အက်ဝက်ဒ်က “အက်ဆွမ်ဘာက ဗျူဟာကောင်းတဲ့ပြိုင်ဘက်တစ်ဦးပါ။ ဘယ်လောက်လုပ်ပြနိုင်ပါစေ အက်ဆွမ်ဘာကိုပြတ်သားတဲ့ ရလဒ်နဲ့အနိုင်ရဖို့ဆိုတာလုံးဝမဖြစ်နိုင်ပါဘူး။ ကျွန်တော့်အနေနဲ့ တော်တော်လေးကို အာရုံစိုက်ပြီး ထိုးသတ်ခဲ့တဲ့အတွက် ကံကောင်းလို့ ဒိုင်အမှတ်နဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ကျွန်တော်က WBC International Silver ဘင်တန်ဝိတ်တန်းရဲ့ ချန်ပီယံတစ်ဦးပါ။ ကျွန်တော့်အနေနဲ့ နောက်ထပ်ချန်ပီယံခါးပတ်တွေကိုဆွတ်ခူးချင်တဲ့အတွက် အကောင်းဆုံးကြိုးစားထိုးသတ်ခဲ့တယ်။ကျွန်တော်လိုချင်တဲ့ ရလဒ်တစ်ခုကိုရအောင် လုပ်နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



# ၂၀၂၅ အာရှယူ-၂၀ ခြေစစ်ပွဲအုပ်စုပွဲစဉ်တွင် မြန်မာ့လက်ရွေးစင်ယူ-၂၀ အသင်း တာ့ခ်မင်နစ္စတန်ယူ-၂၀ အသင်းကို လေးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်

ရန်ကုန် စက်တင်ဘာ ၂၉

၂၀၂၅ အာရှယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(I)အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲက ကာဂျစ်စတန်နိုင်ငံ Bishkek မြို့ရှိ Dolen Omurzakov Stadium တွင် မြန်မာ့လက်ရွေးစင် ယူ-၂၀အသင်းနှင့် တာ့ခ်မင်နစ္စတန်ယူ-၂၀ အသင်းတို့ ကစားခဲ့ရာ မြန်မာ့လက်ရွေးစင်ယူ-၂၀အသင်းက လေးဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ် ပွဲချိန် ၁၄ မိနစ်တွင် စောဆေးကပေါ်စေးက မြန်မာ့လက်ရွေးစင်ယူ-၂၀ အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၁၇ မိနစ်တွင် အီဆီနော့ဗ်နှင့် ပွဲချိန် မိနစ် ၄၀ တွင် ဂါရာဂျေယက်တို့က တာ့ခ်မင်နစ္စတန်ယူ-၂၀အသင်းအတွက် ချေပဂိုးနှင့် အနိုင်ဂိုးများသွင်းယူနိုင်ခဲ့ပြီးနောက် နာကျင်အချိန်ပို တစ်မိနစ်တွင် တာ့ခ်မင်နစ္စတန်ယူ-၂၀ အသင်းမှ ဂါရာဂျေယော အနီကတ်ဖြင့်ထွက်ခွာခဲ့ရသော်လည်း ပထမပိုင်းတွင် တာ့ခ်မင်နစ္စတန်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းက တစ်ယောက်လျော့ တာ့ခ်မင်နစ္စတန်ယူ-၂၀အသင်းကို ဖိအားပေးရန် ကြိုးပမ်းခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ပွဲချိန် ၈၉ မိနစ်တွင် အီဆီနော့ဗ်နှင့် ပွဲချိန် ၉၁ မိနစ်တွင် ဘီရီနော့ဗ်တို့က တာ့ခ်မင်နစ္စတန် အသင်းအတွက် ဦးဆောင်ဂိုးများ ဆက်လက်သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်၌ တာ့ခ်မင်နစ္စတန်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

၂၀၂၅ အာရှယူ-၂၀ ခြေစစ်ပွဲတွင် မြန်မာ့လက်ရွေးစင်ယူ-၂၀ အသင်းသည် အုပ်စုပွဲစဉ်သုံးပွဲကစားခဲ့ရာ ကာဂျစ်စတန်ယူ-၂၀ အသင်းကို နှစ်ဂိုး ဂိုးမရှိ၊ဂျပန်ယူ-၂၀အသင်းကို ခြောက်ဂိုး ဂိုးမရှိနှင့် တာ့ခ်မင်နစ္စတန်ယူ-၂၀ အသင်းကို လေးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။ STA

# China Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် မျက်ဒဗျက် အနိုင်ရရှိ

ပေကျင်း စက်တင်ဘာ ၂၉

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပနေသည့် China Open တင်းနစ်ပြိုင်ပွဲဒုတိယအဆင့်ပွဲစဉ်အဖြစ် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်နှင့် ပြင်သစ်တင်းနစ်ကစားသမား မန်နာရီနိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မျက်ဒဗျက်က (၇-၆၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

မျက်ဒဗျက်သည် ပထမပွဲငယ်တွင် အကြိတ်အနယ်ကစားခဲ့ရသော်လည်း ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ပထမပွဲငယ်တွင် Tie-Break အဆင့်ထိ ကစားခဲ့ရသည့်အတွက် မျက်ဒဗျက်အနေဖြင့် ခက်ခဲသည့်ပွဲစဉ်တစ်ပွဲကို ကျော်ဖြတ်ခဲ့ရခြင်းဖြစ်ပြီး ကွာတားဖိုင်နယ်အဆင့်တွင် ပိုမိုခက်ခဲသည့်ပွဲစဉ်ကိုရင်ဆိုင်ရဖွယ်ရှိနေသည်ဟု ပြောကြားခဲ့သည်။

မျက်ဒဗျက်သည် ၂၀၂၃ ခုနှစ်တွင် ဒုတိယဆုဖြင့်သာကျေနပ်ခဲ့ရသည့် အခြေအနေနှင့်ပတ်သက်ပြီး မကျေမနပ်ဖြစ်နေသလို ယခုနှစ်တွင် ချန်ပီယံဆုကို ပစ်မှတ်ထားနေသည်။

မျက်ဒဗျက်က “ဒုတိယအဆင့်ပွဲစဉ်က ကျွန်တော့်အတွက် ခက်ခဲခဲ့ပါတယ်။ အထူးသဖြင့် ပထမပွဲငယ်မှာ ခက်ခက်ခဲခဲကစားခဲ့ရတယ်။ ပထမပွဲငယ်မှာ Tie-Break အဆင့်ထိကစားခဲ့ရတယ်။ Tie-Breakမှာ အနိုင်ရခဲ့လို့ ယုံကြည်မှုတွေပိုပြီးရှိခဲ့တယ်။ ဒုတိယအဆင့်မှာ ကျွန်တော့်အနေနဲ့စပေးဘောတွေ တော်တော်လေးကောင်းခဲ့ပါတယ်။ ကွာတားဖိုင်နယ်အဆင့်မှာ အနိုင်ရခဲ့ရင်ပိုပြီးတော့ ယုံကြည်မှုရှိလာလိမ့်မယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# နေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၆)တွင် ရတနာပုံအက်ဖ်စီအသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ



ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၆) အဖြစ် ညနေ ၃ နာရီက ရန်ကုန်မြို့ ဗဟန်းမြက်ခင်းတုကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံးအပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပထမပိုင်းပွဲချိန် ၄၅ မိနစ်ပြည့်ပြီး နာကျင်အချိန်ပို နှစ်မိနစ်တွင် ခွန်မြင့်ဆွေက ရတနာပုံအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် ရတနာပုံအက်ဖ်စီအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း အပြန်အလှန်ဖိအားပေးမှုများရှိခဲ့ကာ ပွဲချိန် ၅၆ မိနစ်တွင် သီဟကိုကိုက ရတနာပုံအက်ဖ်စီအသင်းအတွက် ဒုတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၉၀ ပြည့်ပြီးနောက် နာကျင်အချိန်ပို သုံးမိနစ်တွင် ကောင်းမြတ်အောင်က ဟံသာဝတီယူနိုက်တက်အသင်းအတွက် ချေပဂိုး တစ်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရတနာပုံအက်ဖ်စီအသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

နေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၆)ပွဲစဉ်များအဖြစ် စက်တင်ဘာ ၃၀ ရက် ညနေ ၃ နာရီတွင် ပဒုမ္မာအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် ISPEအသင်း၊ ညနေ ၃နာရီတွင်စလင်း အားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# မြရင်ချစ်ကြပေသရှင် ပြည်တစ်ခွင်

## မောင်သင်းထုံ(ကျောက်မဲ)



လေဘာတီ မမြရင်

လေဘာတီမမြရင်ဟာ မြခြေချင်း မငွေမြိုင်တို့လို၊ ဩဘာသောင်းတို့လို 'စန်း'ရှိလို့ သူ့ပရိသတ်ကချစ်ကြတာမျိုးမဟုတ်ပါဘူး။ မမြရင်ဆိုတာက နာမည်နဲ့ လိုက်အောင်ကို ယဉ်ယဉ်လေးနဲ့လှလို့ ချစ်ကြတာပါ။ ချစ်မွေးပါတဲ့မင်းသမီးလို့တောင်မှ ပြောရမယ် ထင်ပါတယ်။

မနက်တစ်ပွဲ၊ နေ့လယ်တစ်ပွဲ၊ ညတစ်ပွဲနဲ့ တစ်လကိုပွဲချီ ၃၀ကျော်ကရတဲ့ လေဘာတီမမြရင်လို မင်းသမီးကတော့ ရှာမှရှားပါ။ တစ်နှစ်စာ ပွဲစရန်ကြိုပေးထားရပြီးမှ ပွဲရက်ကို ပုဏ္ဏားရွေးပေးတဲ့ရက်ထက် လေဘာတီမမြရင်တို့၊ စိန်ဗေဒါကြီးတို့အားတဲ့ရက်ရွေးပြီးမှ အလှူမင်္ဂလာပွဲတွေကျင်းပခဲ့ကြရတာတဲ့ ကဲ။

မမြရင်နဲ့ ပြိုင်ဘက်မင်းသမီးတွေထဲက ဩဘာသောင်းဆိုရင် မထွေးလေးရဲ့တပည့် ယိုးဒယားကလဲ သိပ်ကောင်းတာ။ မင်းသမီးဥက္ကလာမအေးကြည်ဆိုတာ အကကောင်း၊ အဆိုကောင်း ရုပ်ချောတဲ့မင်းသမီး။ ယုဝတီမြသောင်းခင်ဆိုရင် ရုပ်ချောအကညက်သူ၊ ဥဩမယ်တင်တို့ကျတော့ ရုပ်ကဒါလောက်မလှပေမဲ့၊ အသံကကောင်းလိုက်တာ။ အဲဒီလို နာမည်ကျော်ထင်ပေါ်ကျော်ကြားတဲ့ မင်းသမီးအများကြားက လေဘာတီမမြရင်ဟာ သူတကာထက် ထူးကဲပြီးမှ အနုပညာသည်ကောင်းပီသစွာ ကြိုးစားနေထိုင်လာတဲ့အတွက် ပရိသတ်ရဲ့ချစ်မြတ်နိုးမှုကို ခံခဲ့ရသူပါ။

လေဘာတီမမြရင်က ဘာကောင်းသလဲလို့ မေးရင်တော့ အသံကောင်းတယ်လို့ပြောရမယ်။ အသံသိပ်ကောင်းတဲ့အသံမင်းသမီးပါ။ အကလဲကောင်းတယ်။ ရုပ်ကလဲချစ်စရာလေး။ အခြားမင်းသမီးတွေလိုက်ပြီးမှ အတုခိုးရမဲ့အချက်ကတော့ လေဘာတီမမြရင်ဟာ အငြိမ့်မင်းသမီးပေမဲ့ မကလက်ခြင်းပါပဲ။ မမြရင်ရဲ့အငြိမ့်ကို အဖေနဲ့လဲ အတူကြည့်လို့ရတယ်။ မောင်နဲ့လဲအတူကြည့်လို့ရတယ်။ လေဘာတီမမြရင်ရဲ့ အငြိမ့်ဆိုရင် မိသားစုအတူကြည့်လို့ရလို့ အမျိုးသမီးပရိသတ်တွေက ပိုကြိုက်ကြတာပေါ့။

မန္တလေးအငြိမ့်ခေတ်တစ်လျှောက်လုံးမှာ မမြရင်လောက်'စန်း'ကောင်းတဲ့မင်းသမီးမရှိခဲ့ဘူးလို့ ပြောကြပါတယ်။ မြခြေချင်းမငွေမြိုင်တို့ စန်းကောင်းတာကတစ်မျိုး၊ လေဘာတီမမြရင်တို့ စန်းကောင်းတာက တစ်မျိုး၊ စန်းကောင်းတယ်ဆိုတာ ပရိသတ်ချစ်တာကို အထူးခံရတာကိုပြောတာပါ။ အငြိမ့်မင်းသမီး ရုပ်ရှင်မင်းသမီးတွေဆိုတာ ငယ်တုန်းငယ်ခိုက်၊ အရွယ်ရှိတုန်း အလှမပျက်ခင် ပရိသတ်ကအားပေးကြတာ။ များသောအားဖြင့်က အိမ်ထောင်ကျပြီးတာနဲ့ မကြာမီမှာပဲ တိမ်မြုပ်ပျောက်ကွယ်သွားကြတာ များပါတယ်။

လေဘာတီမမြရင်ကျတော့ အသက် ၂၀ ကစလို့ ကွယ်လွန်တဲ့ထိ အိမ်ထောင်နဲ့နေသွားတယ်။ မမြရင်တို့များ အငြိမ့်စင်ပေါ်မှာ သူ့ကိုယ်သူအပျိုလေးပါလို့ မပြော၊ လူရောင်းဖို့မကြေညာ၊ ရည်းစားရှာတာလဲ မလုပ်ပါ။ ဒါပေမယ့် ပရိသတ်ကတော့ မမြရင်ကို အပျိုလေးတစ်ယောက်လို သဘောထားကြတယ်။ အပျိုလေးလိုချစ်ကြတယ်။ သနားကြတယ်။ ကဲ မမြရင်လို ဘယ်မင်းသမီးများကများ စွမ်းဆောင်နိုင်မှာတဲ့လဲ။

လေဘာတီမမြရင်တို့ခေတ်က မမြရင်တစ်ယောက်တည်း ကျော်ခဲ့မော်ခဲ့တာမဟုတ်ပါဘူး။ အခြားမမြရင်လိုပဲ၊ အကကောင်းသူ၊ ရုပ်ချောသူတွေ၊ သူနဲ့တန်းတူလိုက်သူတွေ၊ အခြားမင်းသမီးတွေဆိုတာ ရှိခဲ့ကြတာပါပဲ။ ဒါပေမဲ့ မမြရင်ဆိုတဲ့ အငြိမ့်မင်းသမီးကတော့ အနုပညာနဲ့ ပုဂ္ဂိုလ်ရေးကိုမရောဘူး။ သူ့ကိုယ်သူ တန်ဖိုးရှိအောင်နေတတ်တယ်။ သူ့ကိုကြိုက်နေတဲ့ ပရိသတ်ကို အရှုံးအမှုံးစွဲလမ်းစေအောင်မလုပ်ဘူး။ သူ့ကိုအမြဲအားပေးနေအောင်၊ ချစ်ခင်နေအောင်၊ သနားအောင်ပဲ နေတတ်ပါတယ်။ ဒီတော့ မင်းသမီးတွေထဲမှာ မိန်းမပွဲကြည့် အဟုတ်ချစ်သည့် မင်းသမီးဆိုလို့ လေဘာတီမမြရင်တစ်ယောက်ပဲ ရှိပါသေးတယ်။

လေဘာတီမမြရင်လိုပဲ အငြိမ့်မင်းသမီးတွေထဲမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ နာမည်ကျော်ခဲ့တဲ့မင်းသမီးနှစ်လက်ပေါ်ခဲ့ဖူးတယ်။ အမာစိန်နဲ့ နွဲ့နွဲ့စန်းတို့ပေါ့။ မန္တလေးပန်တျာကျောင်းဆင်း ဒေါ်ဩဘာသောင်းတပည့်တွေမို့ ပရိသတ်ကလဲ အားပေးလိုက်ကြတာ။ မန္တလေးကိုကျော်ပြီးမှ ရန်ကုန်မှာ သွားကရတဲ့ထိကို နာမည်ကျော်ခဲ့ကြတော့ မမြရင်ကိုများ ကျော်လေမလားလို့ပေါ့လေ။ ဒါပေမဲ့ အဲဒီမင်းသမီးနှစ်ယောက်က မကြာခင်မှာပဲ အငြိမ့်လောက ကနေ စွန့်ခွာသွားခဲ့ကြတော့ အငြိမ့်သဘင်လောကမှာက လစ်ဟာမြဲလစ်ဟာနေတော့တာပေါ့။

ပွဲကြည့်ပရိသတ်တွေ၊ အငြိမ့်သဘင်လောကသားတွေပြောပြောနေကြတဲ့ စကားတစ်ခွန်းရှိပါတယ်။ လွန်ခဲ့တဲ့ အနှစ် ၄၀ လောက်ကစပြီး ဒီနေ့ထိပါပဲ။ လေဘာတီမမြရင်ဆိုတဲ့ အငြိမ့်မင်းသမီးကို ပြိုင်မဲ့သူကော၊ သူ့နေရာကို အစားထိုးမဲ့သူပါ မရှိသေးပါဘူးဆိုတာပါပဲ။ ဒါဖြင့် လေဘာတီမမြရင် ဘာလို့ နာမည်ကျော်တာလဲ၊ သူ့မှာဘာအရည်အချင်းတွေ ရှိလို့လဲ၊ အခြားပညာရှင်တွေကကော သူ့ကိုမကျော်နိုင်ဘူးတဲ့လား။ မမြရင်လိုသာ ကြိုးစားရင် နာမည်ကျော်ကြရမှာပါ။ တကယ်တော့ မမြရင်ဆိုတာက ဘဝပါရမီထက်၊ အမေကပေးလိုက်တဲ့ ပညာအရည်အချင်းထက် သူ့ဘာသာသူကြိုးစားပြုပြင်ခဲ့တဲ့ အရည်အသွေးတွေကြောင့် အခုလိုထင်ပေါ်ကျော်ကြားလာခဲ့ရတာပါ။ အသက် ၅၀ကျော်၊ ၆၀အရွယ်ထိ မင်းသမီး မထွေးလေးလို အရည်အချင်းရှိတဲ့သူပါ။

မမြရင်ဆိုတာက အဘိုးကလဲ မင်းသား၊ အဖေကလဲ မင်းသား၊ အမေကလဲ မင်းသမီးပါ။ မမြရင်ရဲ့အဖေ ဦးဖိုးသစ်ဆိုတာက တောမင်းသား၊ အမေ ဒေါ်ဉာဏ်ယုံက တောမင်းသမီး၊ သာစည်နယ်ရွှေဖလားကန်မှာ နေကြပြီးမှ ရွာတွေမှာလှည့်ကနေကြတာပါ။ ဒီတော့ မမြရင်မှာက သဘင်မျိုးရိုးရှိတယ်။ မမြရင်က သဘင်ဗီဇ သွေးထဲကပါခဲ့ပြီးမှ သူ့အမေ တောမင်းသမီးကြီးကတော့ ကံ့ကူလက်လှည့်ဆရာပေါ့။ မမြရင်ကို မွေးတော့ တောနဲ့မလိုက် အသားဖြူဖြူလေးမို့ 'ဗိုလ်မ' လို့နာမည်ပေးခဲ့ကြတယ်။ မမြရင်ကို ကြီးလာရင် မင်းသမီးဖြစ်ပါစေတော့ဆိုပြီး အထောက်အကူပေးလိုက်တာကတော့ မမြရင်ရဲ့ အသံပါ။

အငြိမ့်လောကမှာ မမြရင်လို ကဇာတ်တဲ့သူတွေမှ တစ်ပုံကြီးပါ။ မမြရင်လိုလဲ ကတတ်ကြတာပါပဲ။ ဒါပေမဲ့ မမြရင်မှာက ထူးခြားချက်တစ်ခုရှိပါတယ်။ အဲဒါကဘာလဲဆိုတော့ မမြရင်ဟာ အခြား အငြိမ့်မင်းသမီးတွေလို ကကြိုးစုံအောင်ကတတ်ပေမဲ့ မကပါဘူး။ မမြရင်က သူ့စိတ်ထဲမှာ ပရိသတ် အမြင်ယဉ်တယ်၊ နုတယ်၊ ညက်တယ်၊ ငြိမ့်ညောင်းတယ်လို့ထင်ရတဲ့ ကကြိုးကကွက်ကိုမှ ရွေးကခြင်းပါပဲ။ ဒီနေရာမှာ မင်းသမီးချင်းတူရင်တောင်မှ မမြရင်တို့က သာသွားတာပါ။

မင်းသမီးဥက္ကလာမအေးကြည်ကို ကြည့်ပါ။ မအေးကြည်က အကကောင်းတယ်။ ကောင်းသလောက်လဲ ကတာပဲ။ ကအပြီးမှာ မောပြီးချွေးတွေပြန်လာတော့ ဟော မင်းသမီးရဲ့အလှတွေက ပျက်ကုန်ရောပဲ။ လေဘာတီမမြရင်တို့ကျတော့ စည်းပြေးဝါးပြေးဘယ်တော့မှမကဘူး။ သူ့အငြိမ့်အဖွဲ့က စည်းမြန်နေရင် သူကတားတယ်။ တားပြီးခပ်မှန်မှန် အလှမပျက်ဘဲကတယ်။ အဲဒီလိုမျိုး မှန်မှန်ညက်ညက်ကလေးနဲ့ကတာကိုက မန္တလေးလူထုကတော့ မြရင်ကတာမှ တကယ်ယဉ်တာလို့ ပြောပြီးကြိုက်ကြတော့တာပါပဲ။

မမြရင် ကတဲ့အကထဲမှာ စည်းသုံးချက်၊ ဝါးသုံးချက် အကဆိုတာရှိတယ်။ အဲဒီအကကို မမြရင်ကရင် သဘင်သည်အားလုံးက လှလိုက်တာလို့ ပြောကြတယ်။ အဲဒီအကမှာ မမြရင်က ဘယ်မင်းသမီးနဲ့မှ မတူအောင် ရှင်းနေအောင် နင်းတတ်တယ်။ ခြေကို ခွင်ထားပြီးမှကတာ အလွန်လှတယ်။ တရုတ်ယပ်တောင်လေးကို လှည့်လှည့်ပြီးကတဲ့အကမျိုး အခြားမင်းသမီးတွေ မကဖူးကြသေး၊ မမြရင်ကတော့ လှမှလှ။

လေဘာတီမမြရင်တို့နဲ့ အပြိုင်ထဲကပါပဲ။ မင်းသမီးယုဝတီမြသန်းကြည်ဆိုတာရှိတယ်။ ရုပ်ကလဲလှတယ်။ ကတော့ ကာလသားကြိုက် အလွန်လုပ်တဲ့မင်းသမီးပေါ့။ တစ်ခါတလေများ ကာလသားတွေဆုံနေကြတဲ့ အငြိမ့်စင်တွေထောင့်ပြေးပြီး ကာလသားတွေဘက်များ ခုန်ချတော့မယောင် စင်ထောင့် ဆတ်ခနဲတင်ပါးလွှဲထိုင်ချတတ်သူပေါ့။ မန္တလေးပရိသတ်ကတော့ ရန်ကုန်က အငြိမ့်မင်းသမီးတွေ ကကြတာကြမ်းလို့မကြိုက်ဘူးတဲ့။ ကြမ်းမှာပေါ့။ ရန်ကုန်မှာ အကသင်ပေးကြတဲ့ဆရာတွေက ယောက်ျားတွေတဲ့လေ။ ကြည့်ပါလား ကတော့ ခုန်လား၊ ပေါက်လား ကကြတာ။ မန္တလေးကမင်းသမီးတွေ ကကြတာက ငြိမ့်ညောင်းတယ်။ ညက်ညောတယ်။ လှိုင်းစီးရသလိုပဲ ခံစားရလို့ အနုပညာပီသကြတယ်။ ရန်ကုန်အကက ဇိုးဇိုးဇတ်ဇတ်၊ ဖျိုးဖျိုးဖျတ်ဖျတ်နိုင်လှတယ်။ မန္တလေးက အကကမှ ယဉ်ကျေးညက်ညောတာလို့ မန္တလေးကထင်ကြတာ။

မမြရင်ကတဲ့ ကမ္ဘောဇသီချင်းမျိုးကို အခုခေတ်မင်းသမီးတွေ မကတတ်ပါ။ ပတ္တလားဆရာကြီး ဦးဘစံက အခုခေတ်မင်းသမီးတွေများ အငြိမ့်စင်ပေါ်ရောက်ရင် သူတို့ကတတ်တာ ဒိုးသမားက လိုက်တီးပေးရတယ်။ လေဘာတီမမြရင်တို့ကတော့ အဆစ် ၁၀ မျိုးထက် မနည်းကတတ်သူပါ။ မမြရင်ကတဲ့အခါ သူ့မျက်နှာ လေးက ပြုံးကလေ့ရှိပါတယ်။ မမြရင်လို အပြုံးမျိုး မမြရင်ရဲ့အငြိမ့်မှ ကြေးတီးဆရာ ဦးအုံးဖေရဲ့သမီး အမာစိန်က ရထားတယ်။ ဒါပေမဲ့ အမာစိန်က ရယ်တဲ့ထိ မျက်နှာထားပြီးတော့ မမြရင်ကမှ အပြုံးနုလေးနဲ့ယဉ်သူပါ။

မမြရင် ကပွဲကရာမှာ မျက်နှာထားကို သဘင်သည်အချင်းချင်းကပြောကြတာပါ။ မမြရင်ရဲ့မျက်နှာမှာ 'ပီယ'ရှိတယ်တဲ့။ မျက်နှာကိုမြင်ရင် လူတကာက ချစ်ခင်ကြတာမျိုးပါ။ တစ်ခါကမမြရင်တို့အငြိမ့်အဖွဲ့ မလှိုင်က ပွဲငှားထားလို့ သွားကကြရာ၊ လမ်းခရီးမှာ အခက်အခဲကြုံလို့ ပွဲခင်းကို အချိန်မီမရောက်ဘူးတဲ့။ ည ၉ နာရီ ၁၀နာရီလောက်မှရောက်တော့ ပွဲကြည့်ပရိသတ်ဆိုတာ ဆူညံနေကြတာပေါ့။ အဲဒီလိုဆူပူနေကြတဲ့သူတွေဟာ မမြရင်ရဲ့မျက်နှာလေးလဲ မြင်လိုက်ကြကော တစ်ခါထဲ စိတ်ပြောင်းပြီးမှ ခရီးပန်းလာကြတာပဲ။ ထမင်းစားပြီးမှကကြပါ။ စောင့်ကြည့်ပါ့မယ်ဖြစ်ကုန်တော့တာတဲ့ ကဲ။

လေဘာတီမမြရင်က အကကို မင်းသမီးမြခြေချင်း မငွေမြိုင်ဆီက သင်ယူခဲ့တယ်။ မမြရင်ရဲ့ထူးတဲ့ပါရမီကတော့သူ့ရဲ့အသံပါ။ အသံက အသံဝါ၊လေနဲ့ဆွဲတိုင်းရ၊ကျက်သရေလဲရှိလှတယ်။ ဟစ်တိုင်လဲပေါက်တယ်။ ဘယ်သံ၊ ညာသံကူးလို့လဲဆိုတတ်တယ်။ လူပြက်ချန်ပီယံဘလှိုင်ကြီးကတော့ လေဘာတီမမြရင်ရဲ့ အသံကပွဲကူးပေါက်တဲ့အသံလို့ ပြောပါတယ်။ မမြရင် ခဗျာ သနားစရာပါ။ အသံချဲ့စက်မရှိတဲ့ ကာလက သီချင်းဆိုတဲ့အခါ လည်ပင်းကြောတွေ ထအောင်ဆိုရတော့ သူ့ပါးစပ်ကို ပရိသတ်မမြင်ရလေအောင် ယပ်တောင်လေးကွယ်ပြီးမှ ဆိုရရှာသတဲ့။ မမြရင်ဆိုတာ ပွဲဆက်ဘယ်လောက်များများ၊ အသံမဝင်ပေ။ အသံမဝင်အောင် အစားအသောက် အနေအထိုင်လဲ ဂရုစိုက်သူတဲ့။

မမြရင်ဟာ ဆရာထာ၊ ဆရာတင်တို့က သီချင်းရေးပေးကြရင်ရအောင်ယူပြီး အဲဒီသီချင်းကို သူကြိုက်မှ ပွဲကရာမှာဆိုတာတဲ့။ မကြိုက်တဲ့ သီချင်းဆို သီချင်းခ အဆုံးခံတာတဲ့။ သူ့အာနဲ့တွေ့ပြီ ဆိုတာနဲ့ သူကပိုင်အောင်လုပ် သူ့အလှည့်၊ သူ့အနွဲ့၊ သူ့အသယ် သူ့အပိုးနဲ့ သူပိုင်ဟန်တွေလိုတည်ပြီးမှ ဆိုသွားနိုင်သူတဲ့လေ။ မမြရင်ဆိုတဲ့သီချင်းတွေဆိုတာ ခပ်များများကတော့ သူ့ဘဝနဲ့ယှက်လိမ်နေတယ်လို့ ထင်ရတဲ့ သီချင်းတွေက ခပ်များများတဲ့။ ဥပမာ-အလှူရှင်၊ ဦးကလိန်၊ ရွှေပြည်စိုးဆိုတဲ့ သီချင်းမျိုးတွေပေါ့။ ။

တေးရေးဆရာ နန်းတော်ရှေ့ဆရာတင်ရေးပြီး မမြရင်သီဆိုခဲ့တဲ့ 'တုံးကျော်မ' ဆိုတဲ့သီချင်းက မမြရင်ကို တစ်ပြည်လုံးကချစ်ကြ၊ ခင်ကြတာ သက်သေပါပဲ။ လေဘာတီမမြရင် ရှမ်းပြည်နယ်ဘက်သွားကရာက ငှက်ဖျားမိပြီးပြန်လာတော့ အငြိမ့်မကနိုင်တဲ့အခါ ပြည်သူအပေါင်းက မမြရင် မာပါစေဆိုပြီး ဝိုင်းဆုတောင်းခဲ့ကြလို့ တုံးကျော်ခဲ့ရတာကော။ တကယ်တော့ မမြရင်ဆိုတာ သူ့ပရိသတ်ကတင်မက တစ်ပြည်လုံးရဲ့ချစ်ခြင်းကိုခံခဲ့ရတဲ့ အငြိမ့်မင်းသမီးပဲ ဖြစ်ပါတော့တယ်။

**ကိုးကား**

**- လူထုဒေါ်အမာ၏ ပြည်သူချစ်သော အနုပညာသည်များ**

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အဇာဘိုင်ဂျန်က အဆင့်မြှင့်တင်ထားသော လေကြောင်းရန်ကာကွယ်ရေးတိုက်ယာဉ်သစ်ကို ADEX 2024 ပြပွဲတွင် ပြသခဲ့



အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့၌ ပြုလုပ်ကျင်းပခဲ့သည့် ADEX 2024 နိုင်ငံတကာ ကာကွယ်ရေးပြပွဲတွင် Umud Technologies ကုမ္ပဏီက 9K33MB Osa–MB ၏ အဆင့်မြှင့်တင်ထားသော နောက်ဆုံးပေါ် ခေတ်မီ တာတိုပစ်လေကြောင်းရန် ကာကွယ်ရေး တိုက်ယာဉ်သစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက စက်တင်ဘာ ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

9K33MB ဟုသတ်မှတ်ခေါ်ဝေါ်လေ့ရှိသည့် အဆိုပါလေကြောင်းရန်ကာကွယ်ပေးနိုင်သည့် တိုက်ယာဉ်သည် လေယာဉ်၊ ရဟတ်ယာဉ်များ၊ ဒုံးကျည်များ၊ ဒရုန်းများနှင့် လေကြောင်းပစ်မှတ်များ အပါအဝင် လေကြောင်းခြိမ်းခြောက်မှုများကိုတိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ ထုတ်လုပ်သူအနေဖြင့် တာတိုပစ် လေကြောင်းရန်ကာကွယ်ရေး စွမ်းရည်အတွက် ယုံကြည်စိတ်ချရပြီး ထိရောက်စွာ တိုက်ပွဲဝင်နိုင်စွမ်းရှိမှုအပေါ် သရုပ်ပြသခဲ့သည်။

9K33MB လေကြောင်းရန်ကာကွယ်ရေးစနစ်သည် တိုက်ပွဲဝင်အခြေအနေအားလုံးတွင် လေကြောင်းတိုက်ခိုက်မှုများမှ မိမိခြေလျင်တပ်၊ ခြေမြန်တပ်၊ တင့်ကား၊ သံချပ်ကာတပ်ဖွဲ့များအတွက် ယုံကြည်စိတ်ချရသော လေကြောင်းရန်အကာအကွယ်ပေးနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် ယာဉ်တင် (ဘီးတပ်) တိုက်ယာဉ်တစ်စင်းလည်း ဖြစ်သည်။

ပျံသန်းဝင်ရောက်လာသော ပစ်မှတ်များကို အချိန်တိုအတွင်း လျင်မြန်စွာ တုံ့ပြန် တိုက်ပွဲဝင်နိုင်မှုစွမ်းရည်သည် ခေတ်မီလေကြောင်းရန်ကာကွယ်ရေးစနစ်များအတွက် အဓိကအရေးပါလာခဲ့သည်။ ထိရောက်အကွာအဝေး ကီလိုမီတာ ၆၀ ထိ ပစ်မှတ်များကို ထောက်လှမ်းနိုင်စွမ်းရှိသည်။ ရေဒါဖြတ်ပိုင်းဧရိယာနည်းပါးသော သုည ဒသမ ၃ စတုရန်းမီတာရှိ ဒရုန်းများကဲ့သို့ အရွယ်အစားသေးငယ်သည့် ပစ်မှတ်များကိုပင် အကွာအဝေး ၁၈ ကီလိုမီတာထိ ထောက်လှမ်းသိရှိနိုင်မည်ဖြစ်သည်။ ပစ်မှတ်များကိုစဉ်ဆက်မပြတ် အကြားအလပ်မရှိ စောင့်ကြည့်ထောက်လှမ်းနိုင်စေရန် ပစ်မှတ် Channel များကို အလိုအလျောက် Tunning ပြုလုပ်နိုင်မည်ဖြစ်သည်။

လေကြောင်းရန်ကာကွယ်ရေးတိုက်ယာဉ်အနေဖြင့် ပစ်မှတ် ၁၅၀ ကို တစ်ချိန်တည်း တစ်ပြိုင်တည်း ခြေရာခံထောက်လှမ်းနိုင်စွမ်းရှိပြီး အကွာအဝေးမီတာ ၁၅၀၀ မှ မီတာ ၁၂၀၀၀၊ အမြင့် ၂၅ မီတာမှ မီတာ ၆၀၀၀ ထိတိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ အမြင့်ဆုံးအလျင်နှုန်း တစ်စက္ကန့်လျှင် မီတာ ၆၅၀ ဖြင့် ပျံသန်းနေသော ပစ်မှတ်များကို တိုက်ခိုက်နိုင်မည်ဖြစ်သည်။

ADEX 2024 တွင် ဤလေကြောင်းရန်ကာကွယ်ရေးစနစ်ဗားရှင်းသစ်ကို အဇာဘိုင်ဂျန်နိုင်ငံအခြေစိုက် Umud Tech–nologies ကုမ္ပဏီမှ မိတ်ဆက်ပြသနိုင်ခဲ့မှုသည် ယခင် ဆိုဗီယက်ခေတ်ထုတ် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များအပေါ် အဆင့်မြှင့်တင်၍ ခေတ်မီစနစ်များအဖြစ် နည်းပညာပိုင်းဆိုင်ရာ ထပ်ဆောင်းထည့်သွင်းနိုင်မှုကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။ ဤသို့ တိုးတက်ဖွံ့ဖြိုးမှုများသည် 9K33MB လက်နက်စနစ်၏ အလုံးစုံစွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရုံသာမက တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များကို အဆင့်မြှင့်တင်လိုသော ရည်ရွယ်ချက်ကိုလည်း တွေ့မြင်နေရသည်။ အဆင့်မြှင့် အင်္ဂါရပ်များဖြင့် ခေတ်မီလေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် တိုက်ယာဉ်သည် အထူးသဖြင့် ခေတ်ပြိုင်လိုအပ်ချက်များနှင့်ကိုက်ညီမှု၊ ထိရောက်ပြီးလိုက်လျောညီထွေရှိမှုတို့ဖြင့် ရှုပ်ထွေးနက်နဲသော လေကြောင်းခြိမ်းခြောက်မှုအန္တရာယ်များကို ကာကွယ်နိုင်စွမ်းမြင့်မားစေရန် ကြိုးပမ်းမှု၏ရလဒ်ပင်ဖြစ်သည်။

**Presentation of Modernized 9K33MB Osa–MB Air Defense System by Umud Technologies at ADEX 2024.** ကို ဘာသာပြန်ဆိုထားပါသည်။

## လစ်သူယေးနီးယားက ယူကရိန်းသို့ GA-10-FPV-AI ဒရုန်း ထောင်ပေါင်းများစွာကို ပံ့ပိုးပေးမည်

လစ်သူယေးနီးယားနိုင်ငံ အစိုးရသည် ကုန်ကျစရိတ်သက်သာသော ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် ယူကရိန်းနှင့် လစ်သူယေးနီးယား လက်နက်ကိုင်တပ်ဖွဲ့များသို့ ခေတ်သစ်စစ်မြေပြင်ကို ပြောင်းလဲပစ်နိုင်သောစွမ်းရည်များဖြစ်သည့် ပြည်တွင်းထုတ် GA–10–FPV–AI first–person view (FPV) ဒရုန်း ထောင်ပေါင်းများစွာ ပံ့ပိုးပေးသွားမည်ဟုကြေညာခဲ့ကြောင်း Army Recognition သတင်းဌာနက စက်တင်ဘာ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လစ်သူယေးနီးယားနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်းထုတ် GA–10–FPV–AI quadcopterဒရုန်းသစ်များ ထုတ်လုပ်ရန်အတွက် ၂၀၁၅ ခုနှစ်တွင် တည်ထောင်ခဲ့သော Vilnius မြို့တော်အခြေစိုက် Granta Autonomy ဒရုန်းထုတ်လုပ်ရေးကုမ္ပဏီနှင့် သဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။ အဆိုပါဒရုန်းများသည် လစ်သူယေးနီးယားနိုင်ငံမှ အခြားဒရုန်းထုတ်လုပ်ရေးလုပ်ငန်းစုများ ပါဝင်ဆောင်ရွက်လျက်ရှိသည့် ယူရိုရှစ်သန်းတန်ဖိုးရှိ ကာကွယ်ရေးပစ္စည်းဝယ်ယူရေး ပဏာမအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်ဟု လစ်သူယေးနီးယား အာဏာပိုင်များက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လစ်သူယေးနီးယား တပ်မတော်သို့ ဒရုန်းအစင်းရေစုစုပေါင်း ၂၃၀၀ ကိုပေးပို့မည်ဖြစ်ပြီး ယူကရိန်းနိုင်ငံသို့ ဒရုန်းအစင်းရေ၅၀၀၀ပေးပို့နိုင်ရန် လစ်သူယေးနီးယားပြည်တွင်းကုမ္ပဏီများက ထုတ်လုပ်ပေးသွားမည်ဖြစ်သည်။ ယူကရိန်းအတွက် ပထမအကြိမ်ပို့ဆောင်မှုကို စက်တင်ဘာလကုန်ပိုင်းတွင် ဆောင်ရွက်ပေးသွားနိုင်ဖွယ်ရှိကြောင်းလည်း သိရသည်။

ပေးပို့မည့် FPV ဒရုန်းများတွင် ဒေါင်လိုက် အတက်အဆင်းပျံသန်းနိုင်စွမ်းရှိသော ကိုယ်ထည်တည်ဆောက်မှုမှာ Quadcopter Frame အမျိုးအစားဖြစ်ပြီး အမြင့်ဆုံး Payload အလေးချိန် သုံးကီလိုဂရမ်ထိ သယ်ဆောင်နိုင်စွမ်းရှိကြောင်း ကုမ္ပဏီတစ်ခုမှ ထုတ်ပြန်ချက်အရ သိရသည်။ ဩဂုတ်လတွင် လစ်သူယေးနီးယားကုမ္ပဏီ ငါးခုမှ ထုတ်လုပ်သော ဒရုန်းများကို ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနက ရှေ့တန်းစစ်မြေပြင်ပုံစံဖန်တီး၍ သဏ္ဌာန်တူစမ်းသပ်မှုများ အောင်မြင်စွာပြုလုပ်နိုင်ခဲ့ပြီး ရှေ့တန်းစစ်မျက်နှာရှိ တပ်ဖွဲ့ဝင်များထံသို့ ပံ့ပိုးပေးအပ်သွားရန် အတည်ပြုနိုင်ခဲ့ကြောင်း လစ်သူယေးနီးယား ကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ဒေသတွင်းသတင်းမီဒီယာ LRT ၏ အဆိုအရ ကနဦးအသုတ်ပေးပို့မည့် ဒရုန်းများသည် ယခင်က အဆိုပါစမ်းသပ်မှုမျိုးကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ခြင်း မရှိကြောင်း သိရသည်။ GA–10–FPV–AI




သည် GPS ငြင်းဆိုထားသော ပတ်ဝန်းကျင်အခြေအနေများတွင် အလိုအလျောက်လည်းပတ်လုပ်ဆောင်နိုင်စွမ်းရှိကြောင်း၊ မတူညီသော ဗီဒီယိုထုတ်လွှင့်မှုလှိုင်းနှုန်းများနှင့် ကင်မရာအမျိုးအစားများအတွက် စိတ်ကြိုက် ပြင်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။ ယူကရိန်းတို့အတွက် FPV ဒရုန်းများသည် မကြာသေးမီလများအတွင်း စစ်မြေပြင်တွင် အရေးပါလာခဲ့ပြီး ရုရှားနိုင်ငံထုတ် တိုက်ခိုက်ရေးရဟတ်ယာဉ်များနှင့် သံချပ်ကာယာဉ်များကို အောင်မြင်စွာ တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ကြောင်းသိရသည်။

စစ်ရေးကျွမ်းကျင်သူများက အနာဂတ်စစ်ဆင်ရေးများတွင် FPV များကိုအသုံးပြုခြင်းသည်ရန်သူကိုကုန်ကျစရိတ်သက်သာစွာဖြင့် အစုလိုက်အပြုံလိုက် သို့မဟုတ် သီးခြားတိုက်ပွဲဝင်လုပ်ဆောင်နိုင်လိမ့်မည်ဟု တွက်ချက်ခန့်မှန်းထားကြသည်။ လစ်သူယေးနီးယားနိုင်ငံသည် တပ်ဖွဲ့ဝင်များကို FPV ဒရုန်းများနှင့်ပတ်သက်၍ ကိုင်တွယ်၊ အသုံးပြု၊ တိုက်ပွဲဝင်နိုင်ရန်အတွက် လေ့ကျင့်သင်တန်းပေးမှုများ အလေးထား လုပ်ဆောင်နေကြောင်း၊ ကြည်း၊ ရေ၊ လေ တပ်မတော်သားများထံ FPV ဒရုန်းများကိုတပ်ဆင်ပေးရန် အစီအစဉ်များ ချမှတ်လုပ်ဆောင်နေကြောင်းလည်း သိရသည်။

**Lithuania to Supply Thousands of GA–10–FPV–AI Drones to Ukraine** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects damage caused by floods and repair of damaged parts of Thasi-Mandalay railroad section and Samon creek bridge





Senior General Min Aung Hlaing inspects construction of Samon Bridge.

**Nay Pyi Taw September 29**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by Joint SAC Secretary General Ye Win Oo, SAC members General Mya Tun Oo and General Maung Maung Aye, union ministers U Min Naung, U Hla Moe, Dr Nyunt Pe, Mandalay Region Chief Minister U Myo Aung, senior military officers from Office of Commander-in-Chief and officials, inspected repair of Samon creek bridge on Thasi-Mandalay railroad section damaged by floods this morning.

The Senior General and party proceeded along Meiktila-Thasi road and observed agricultural activities and developments along the road. They then arrived at Thasi station and from there they went to Samon creek bridge repair worksite on Thasi-Mandalay section by train. Along the way the Senior General inspected the thriving crop fields, damage caused to crop fields and some parts of the railroad section by erosion which was triggered by the force of powerful floods and gave necessary guidance to officials.

The Senior General and party arrived at the worksite on Yangon site and inspected mechanized laying of the approach bund and rail lanes of bridge No. 691 (up), erection of a 90-foot triple double bailey bridge as a replacement of bridge No. 691 (down) which lost its four steel frames that fell from the bridge and pier 3 driven away by floods and cordially greeted the workers.

During the inspection, SAC member Union Minister for Transport and Communications General Mya Tun Oo and officials reported on flood-hit damage along Yangon-Mandalay railroad and Thasi-Shwenyaung-Taunggyi rail section and preparation to reopen the railroads. In response, Senior General Min Aung Hlaing said the extent of damage shows the force of the powerful floods. Rain-fed strong water currents flowing down from Shan plateau and logs and silt they were carrying caused extra damage along their route. Sustainability and quality must be prioritized in the repair work. Research and development must be conducted systematically to withstand such disasters in the future. Proper drainage system must be taken into account in repairing the damaged ones and building new ones. Likewise, erection of stone retaining walls that can hold powerful currents and channel straightening must also include in the list considerations. Responsible persons should strive to ensure uninterrupted transportation and timely completion of the work.

They then inspected the construction of the 90-foot triple double bailey as a replacement of the damaged bridge and presented foodstuff for the workers.

They then rode a train from the worksite to Thedaw station. From there they went along Thedaw-Wundwin-Meiktila road by car and observed regional development and agricultural undertakings along the route.

100

# World Insights: Hezbollah leader's death drags Mideast into uncertainty

**Cairo September 29**

Israel on Friday evening launched airstrikes on Hezbollah's main headquarters in Beirut's southern suburbs, resulting in the death of Hezbollah's leader Sayyed Hassan Nasrallah and several other Hezbollah commanders.

The event, which grabbed international headlines, was followed by Israel's largest military operation in Lebanon since 2006, with bombings in Dahieh and regions in southern and eastern Lebanon, leading to more casualties.

Analysts believe that Nasrallah's death could create a power vacuum within Hezbollah, destabilizing Lebanon and adding uncertainty to the broader regional conflict, while altering strategic dynamics in the Middle East.

According to the Israeli military, Friday's airstrikes killed Nasrallah, alongside other Hezbollah commanders, which was later confirmed by Hezbollah.

Lebanon's MTV TV channel reported that the raids had killed at least six people, injured 91 others, flattened several residential buildings, and caused huge infrastructure damage to the neighborhood.

Xinhua



Smoke rises following Israeli airstrikes in Beirut's southern suburb, Lebanon, on Sept. 28, 2024.

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SAC Chairman Prime Minister Senior General Min Aung Hlaing meets departmental officials, town elders, discusses regional economic development

## Collaborative efforts to shape Meiktila region as a developed model area by applying sound foundations



Senior General Min Aung Hlaing meets departmental officials in Meiktila District.

**Nay Pyi Taw September 29**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing met with departmental officials of Meiktila District and town elders at Kandaw Mingala Hall in Meiktila this afternoon to talk about regional development.

Also present at the meeting were Council Joint Secretary General Ye Win Oo, Council members General Maung Maung Aye and Lt-Gen Yar Pyae, Union ministers U Min Naung, U Hla Moe and Dr Nyunt Pe, Mandalay Region Chief Minister U Myo Aung, senior Tatmadaw officers from the Office of the Commander-in-Chief (Army), members of Mandalay Region Cabinet, departmental officials from Meiktila district and township, administrators and town elders.

**Presentation on regional data and progress of regional development**

First, Meiktila District Administrator U Zaw Tin Moe reported on accomplishment of the guidance given by the Senior General on his tour of Meiktila District, development of agriculture and livestock sector, efforts to develop production, cotton cultivation and increased production, growing of shade trees along both sides of roads in the district, town and village roads, encouragement for education promotion, and efforts to efficiently utilize sound foundations for regional development.

Mandalay Region Chief Minister U Myo Aung gave a supplementary report on data of Meiktila District, and progress in development of the district.

**Discussions over relevant sectors**

Union ministers discussed supervision for utilization of arable lands allowed in Meiktila District in other ways and following the prescribed rules and law for land utilization, coordination to regrow marketable crops in the flood-affected acres of farmlands in the district, systematic repairing of dams and canals by the Ministry of Agriculture, Livestock and Irrigation for smooth process of farming tasks, supply of water to the irrigated areas, formation of cooperative societies for ensuring socioeconomic development of rural people, implementation of the emerald green projects, supply of quality strains of oil crops and agricultural inputs for farmers in growing winter crops, and fulfillment for education promotion in Meiktila District.

**Meiktila District possessing sound foundations is a hub**

In his discussions, the Senior General said that Meiktila region is located at the junctions of four corners, and it is a hub for transport and trading. The areas of Meiktila region and Nay Pyi Taw Council Area are in some difference, and more than 900,000 people reside in Meiktila whereas Nay Pyi Taw is home to more than 1 million people. Hence, efforts are being made to develop Nay Pyi Taw Council Area as well as Meiktila as a model area. Meiktila is a commercial hub in the centre of Myanmar, facilitated with universities and colleges in the education sector. As Meiktila region possesses smooth transport facility, all measures can be taken in a smooth manner.

**Enhancing education sector to shape the future of the State**

As Meiktila possesses many sound foundations in education sector, it is necessary to encourage education sector. With regard to encouraging the education sector, students are learning education, accounting for 60 per cent of the population who can attend the KG+12 educational scheme in the country. After 2019, number of students has been declining at schools. Due to outbreak of Covid-19, schools were also closed. It is necessary to turn out well-versed human resources in order to build a modern country in the future. Moreover, it is necessary to shape a disciplined society. In accord with the motto: "Schools initiate national disciplines", schoolchildren must be under teaching and guidance of teachers in learning education. It can be seen that the children who have attended school follow disciplines more than those who did not experience attending the school. Hence, morale and disciplines of students will be different depending on their educational grades. At least, if students attend KG+12 educational scheme, they will have the skills of following disciplines.

Therefore, invaluable new generation youths with high morale and sense of discipline can be nurtured if teachers train them properly. The government has been making efforts to promote the education sector and is necessary to nurture more intellectuals for the future development of the country. There are some individuals who are working abroad in our country. If development of industries that are based on agriculture and livestock breeding can be realized, job opportunities can be created. To do so, it is necessary to nurture technicians to achieve success for agriculture and livestock breeding industries. Therefore, agriculture, livestock breeding and technical high schools are being opened in all districts to nurture human resources for agriculture, livestock breeding and technology. It is necessary to apply modern technologies instead of traditional methods. By doing so, crop yields will improve and socioeconomic development can be achieved. Therefore, it is necessary to encourage the education sector so that regional development tasks can be achieved by enhancing the education quality without fail.

**Regional socioeconomic development can be realized by carrying out agriculture and livestock breeding tasks successfully**

In connection with agriculture, traditional cultivation methods are being used in our country and it can be seen that rice sufficiency is low in Meiktila District. Per-acre yields and targeted yields must be met. Everything that is cultivated in the districts must be beneficial for the district. If efforts are made to boost per-acre yields, rice sufficiency will improve and incomes of the district will increase. If there are shortages of basic food items in the district, it will have to buy them from others and money will flow to other regions. If crop yields can be boosted, money circulation in the district will increase. Socioeconomic development of the district can be realized by carrying out livestock breeding tasks successfully in addition to agriculture in the district. Therefore, responsible officials are required to place emphasis on agriculture and livestock breeding.

As Meiktila District produces cotton to some extent, efforts must be made with farsightedness for the development of cotton factories. If high quality textiles can be manufactured from cotton produced in the district, cotton imports from other countries can be reduced and can export the surplus if local needs are fulfilled. Therefore, socioeconomic development of the district can be realized in Meiktila District by exerting efforts for development of cotton industries and establishing a model district for the textile industry of the country.

Agriculture and livestock breeding tasks can be carried out more effectively when they are implemented through the cooperative system and the government is ready to offer assistance. In connection with crop yields, the number of plants in each field must be met. Only then, basics for targeted yields can be achieved. Similarly, it is necessary to use correct cultivation methods. Systematic cultivation methods will boost yields.

The government has been exerting efforts for development of Meiktila District. In doing so, it is necessary to carry out tasks enthusiastically instead of working as usual and to use time beneficially. Responsible officials and residents are required to make concerted efforts with farsightedness for regional development.

After the meeting, the Senior General and party cordially greeted the officials and town elders.

Then, the Senior General and party inspected the site in Meiktila, where a students' assembly will be built, and gave necessary instructions on reports of officials. 100

# Various organizations express support for State Administration Council's offer to resolve political issues through political means

**Nay Pyi Taw September 29**

The State Administration Council has extended an invitation for ethnic armed groups, terrorist organizations, and the violent PDF groups opposing the state to abandon their armed struggle and violent actions. They are encouraged to resolve political issues through peaceful political means, either through party politics or elections. This invitation was made on September 26, 2024, with the aim of addressing the losses and damages caused by the armed conflicts and working together with the people for lasting peace and national development.

In response to the State Administration Council's proposal, many organizations have welcomed and expressed their support for resolving political issues through political methods. These organizations include the Central Young Men's Buddhist Association (YMBA), the Interfaith Dialogue Group (Central), Myanmar Press Council, Myanmar Sports Media Federation, Myanmar Motion Pictures Organization, Myanmar Writers' Association, Myanmar Music Association (Central), the Multinational Unity and Trusteeship (Temporary), Myanmar Artists Organization (Central), Myanmar Theatrical Organization (Central), Myanmar Comedians Association, Myanmar Evangelical Christian Alliance, Myanmar Methodist Church (Lower Myanmar), Evangelical Church of Faith (Bago), Church of Liberation (Yangon), the Myanmar Hindu Religious Organization (Central), Myanmar Tamil Hindu Foundation (Central), Thananda Dhamma Pala (Hindu) Association, Myanmar Islamic Religious Organization, and the Peinhnegone Rakhine Jaame Mosque. Each of these organizations has released statements expressing their support for the council's efforts to resolve the nation's political problems through peaceful political processes.

100

## Statement of Young Men's Buddhist Association (YMBA) (Central)

**29 September 2024**

1. The Young Men's Buddhist Association (YMBA) (Central) recognizes the significant losses suffered by the nation due to armed struggle line and acts of terrorism. On 26 September 2024, the State Administration Council invited ethnic armed organizations, terrorist groups, and PDF terrorist groups to abandon ways of terror attacks and resolve political issues through political means, whether through party politics or electoral processes.

2. The YMBA (Central) welcomes and supports this invitation of the State Administration Council to resolve political issues in political ways, considering loss and damage in armed struggle line and acts of terrorism.

**Young Men's Buddhist Association (YMBA) (Central)**

## Statement 8/2024 of Myanmar Press Council

**29 September 2024**

1. Acknowledging that the losses suffered by the nation are due to armed struggle line and acts of terrorism, the State Administration Council issued a statement on 26 September 2024, calling on all groups currently opposing the State to abandon the act of terrorism and resolve political issues through political means in order to achieve durable peace and national development.

2. The Myanmar Press Council welcomes and supports this statement from the State Administration Council.

**Myanmar Press Council**

## Statement of Myanmar Motion Pictures Organization

**29 September 2024**

The Myanmar Motion Pictures Organization has issued a statement that the State Administration Council extended an invitation on 26 September 2024 to ethnic armed organizations, terrorist groups, and PDF groups currently fighting against the State to abandon armed terrorism line to address political issues in political means through party politics or electoral processes.

The Myanmar Motion Picture Organization announced its endorsement of this offer of the State Administration Council, believing that accepting this proposal will benefit the nation's unity, peace, prosperity and overall development.

**Myanmar Motion Pictures Organization**

## Statement of Multinational Unity and Trusteeship (Temporary)

**29 September 2024**

In light of the losses and damage caused by armed terrorism line and acts of terrorism in the country, the State Administration Council issued a statement on 26 September 2024, urging ethnic armed organizations, terrorist groups, and PDF terrorist groups currently opposing the State to abandon terror attack ways. Instead, they are invited to resolve political issues through political dialogue, either via party politics or the electoral processes, to work alongside the people for restoring durable peace and development.

The Multinational Unity and Trusteeship (Temporary) welcomes and supports the invitation of the State Administration Council to resolve political issue in political means.

**Multinational Unity and Trusteeship (Temporary)**

## Statement of Myanmar Interfaith Dialogue Group (Central)

**29 September 2024**

In light of the losses and damage caused by armed terrorism line and acts of terrorism in the country, the State Administration Council issued a statement on 26 September 2024, urging ethnic armed organizations, terrorist groups, and PDF terrorist groups currently opposing the State to abandon terror attack ways. Instead, they are invited to resolve political issues through political dialogue, either via party politics or the electoral processes, to work alongside the people for restoring durable peace and development.

The Myanmar Interfaith Dialogue Group (Central) believes accepting the invitation will have national unity, peace and prosperity within the country and supports it.

**Executive Committee Myanmar Interfaith Dialogue Group (Central)**

## Statement of Myanmar Sports Media Federation

**29 September 2024**

The Myanmar Sports Media Federation supports the statement released on 26 September 2024 from the State Administration Council, urging ethnic armed organizations, terrorist groups groups, and PDF terrorist groups to abandon acts of terror attacks and resolve political issues through political means, via party politics and electoral processes.

The federation welcomes and supports the statement of the State Administration Council.

**Myanmar Sports Media Federation**

## Statement of Myanmar Writers' Association

**29 September 2024**

1. In light of the losses and damage caused by armed struggle line and acts of terrorism in the country, the State Administration Council issued a statement on 26 September 2024, urging ethnic armed organizations, terrorist groups, and PDF terrorist groups currently opposing the State to abandon terror attack ways. Instead, they are invited to resolve political issues through political dialogue, either via party politics or the electoral processes, to work alongside the people for restoring durable peace and development.

2. The Myanmar Writers' Association welcomes and supports the invitation extended by the State Administration Council, calling on all armed organizations against the State to resolve political issues through political means.

**Myanmar Writers' Association**

## Statement of Myanmar Music Association (Central)

**29 September 2024**

The State Administration Council extended an invitation on 26 September, urging ethnic armed organizations, terrorist groups, and PDF groups currently fighting against the State to abandon armed terrorism line. The Council called on these groups to resolve political issues through peaceful means, either via party politics or electoral processes.

The Myanmar Music Association (Central) hereby expresses its support for and welcomes this invitation.

**Myanmar Music Association (Central)**

See Page 15

From Page 14

## Statement of Myanmar Artists Organization (Central)

**29 September 2024**

1. In light of the losses and damage caused by armed terrorism line and acts of terrorism in the country, the State Administration Council issued a statement on 26 September 2024, urging ethnic armed organizations, terrorist groups, and PDF terrorist groups currently opposing the State to abandon terror attack ways. Instead, they are invited to resolve political issues through political dialogue, either via party politics or the electoral processes, to work alongside the people for restoring durable peace and development.

2. The Myanmar Artists Organization (Central) welcomes and supports the invitation extended by the State Administration Council to resolve political issues through political means.

**Myanmar Artists Organization (Central)**

## Statement of Myanmar Comedians' Association

**29 September 2024**

In light of the losses and damage caused by armed struggle line and terrorism in the country, the State Administration Council issued a statement on 26 September 2024, urging ethnic armed organizations, terrorist groups, and PDF terrorist groups currently opposing the State to abandon terror attack ways. Instead, they are invited to resolve political issues through political dialogue, either via party politics or the electoral processes, to work together with the people for restoring durable peace and development.

The Myanmar Comedians' Association supports the invitation extended by the State Administration Council to restore durable peace and resolve political issues through political means.

**Myanmar Comedians' Association**

## Statement of Union of Myanmar Methodist Church (Lower Myanmar)

**29 September 2024**

In light of the losses and damage caused by armed struggle line and acts of terrorism in the country, the State Administration Council on 26 September 2024 invited ethnic armed organizations, terrorist groups, and PDF terrorist groups currently opposing the State to abandon terror attack ways, and to resolve political issues through political dialogue, either via party politics or the electoral processes.

The Union of Myanmar Methodist Church (Lower Myanmar) welcomes and supports the invitation extended by the State Administration Council, calling these organizations to resolve political issues through political means.

**Union of Myanmar Methodist Church (Lower Myanmar)**

## Statement of Deliverance Church (Yangon)

**29 September 2024**

We, Deliverance Church (Yangon), welcome and support the invitation extended by the State Administration Council on 26 September 2024, to resolve the ongoing political issue through political means.

**Deliverance Church (Yangon)**

## Statement of All Myanmar Tamil Hindu Foundation (HQ)

**29 September 2024**

We welcome and support the invitation extended by the State Administration Council on 26 September 2024 to ethnic armed organizations, terrorist groups and PDF terrorist groups currently opposing the State to abandon terror attack ways and to resolve the ongoing political conflict through political means.

**All Myanmar Tamil Hindu Foundation (HQ)**

## Statement of Islamic Religious Affairs Council Myanmar

**29 September 2024**

In light of the losses and damage caused by armed struggle line and acts of terrorism in the country, the State Administration Council issued a statement on 26 September 2024, urging ethnic armed organizations, terrorist groups, and PDF terrorist groups currently opposing the State to abandon terror attack ways. Instead, they are invited to resolve political issues through political dialogue, to work alongside the people for restoring durable peace and development.

The Islamic Religious Affairs Council Myanmar believes accepting the invitation will have national unity, peace and prosperity within the country and supports it.

**Islamic Religious Affairs Council Myanmar**

## Statement of Myanmar Theatrical Association (Central)

**29 September 2024**

The Myanmar Theatrical Association (Central) welcomes and supports the invitation extended by the State Administration Council, calling on all ethnic armed organizations, terrorist groups, and PDF terrorist groups against the State to resolve political issues through political means by abandoning terror attack ways.

**Myanmar Theatrical Association (Central)**

## Statement of Myanmar Evangelical Christian Alliance

**29 September 2024**

The State Administration Council issued a statement on 26 September 2024, urging ethnic armed organizations, terrorist groups, and PDF terrorist groups currently opposing the State to abandon terror attack ways, and invited them to resolve political issues through political dialogue, either via party politics or the electoral processes.

The Myanmar Evangelical Christian Alliance welcomes and supports the invitation extended by the State Administration Council, calling on aforesaid organizations to resolve political issues through political means.

**Myanmar Evangelical Christian Alliance**

## Statement of Faith Evangelical Church (Bago)

**29 September 2024**

The State Administration Council issued a statement on 26 September 2024, urging ethnic armed organizations, terrorist groups, and PDF terrorist groups currently opposing the State to abandon terror attack ways. Instead, they are invited to resolve political issues through political dialogue, either via party politics or the electoral processes.

The Faith Evangelical Church (Bago) believes accepting the invitation will have national unity, peace and prosperity within the country and supports it.

**Faith Evangelical Church (Bago)**

## Statement of All Myanmar Hindu Central Council

**29 September 2024**

The State Administration Council issued a statement on 26 September 2024, urging ethnic armed organizations, terrorist groups, and PDF terrorist groups to abandon terror attack ways. Instead, they are invited to resolve political issues through political dialogue, either via party politics or the electoral processes.

The All Myanmar Hindu Central Council welcomes and supports the invitation extended by the State Administration Council.

**All Myanmar Hindu Central Council**

## Statement of Thananta Dhamma Palaka (Hindu) Association

**29 September 2024**

As armed struggle line and acts of terrorism delayed development of the country, the State Administration Council issued a statement on 26 September 2024, urging ethnic armed organizations, terrorist groups, and PDF terrorist groups to abandon terror attack ways in order to resolve political issues through political dialogue, either via party politics or the electoral processes, to work alongside the people for restoring durable peace and development.

The Thananta Dhamma Palaka (Hindu) Association believes accepting this invitation will have national unity, peace and prosperity within the country. We welcome and support the invitation.

**Thananta Dhamma Palaka (Hindu) Association**

## Statement of Peinhegone Yakhine Jaame Mosque

**29 September 2024**

The Pinnaygone Yakhine Jaame Mosque issued its statement, welcoming and supporting the invitation of the State Administration Council, urging ethnic armed organizations, terrorist groups and PDF terrorist groups to abandon armed terrorism in order to resolve political issue in political ways.

**Peinhnegone Yakhine Jaame Mosque**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာမြို့၌ ကျောင်းသားစုပေါင်းခန်းမဆောက်လုပ်မည့် လျာထားမြေနေရာကို ကြည့်ရှုစဉ်။

☆ **ကျောဖုံးမှအဆက်**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများတက်ရောက်ကြသည်။

## ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြ

ဦးစွာ မိတ္ထီလာခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မိတ္ထီလာခရိုင်အတွင်းသို့ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ ဝါစိုက်ပျိုးမှုနှင့်ထုတ်လုပ်မှု တိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ခရိုင်အတွင်းရှိ လမ်းမကြီးများ၊ မြို့ရွာချင်းဆက်လမ်းများ ဝဲယာ၌ အရိပ်ရပင်များ စိုက်ပျိုးထားရှိမှုနှင့် ရှင်သန်ဖြစ်ထွန်းမှု၊ ပညာရည်မြင့်မားရေးအားပေးဆောင်ရွက်လျက်ရှိမှု၊ ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသ၏အခြေခံကောင်းများကို အကျိုးရှိစွာအသုံးချနိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က မိတ္ထီလာခရိုင်ဆိုင်ရာအချက်အလက်များနှင့် ခရိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

## သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပြောကြား

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပြောကြားရာတွင် မိတ္ထီလာခရိုင်အတွင်း ခွင့်ပြုပေးထားသည့် စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲမှုမရှိစေရေး၊ မြေအသုံးချမှုများနှင့်ပတ်သက်၍ ချမှတ်ထားသည့် စည်းမျဉ်းဥပဒေအတိုင်းသာဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စိုက်ဧကများ၌ အကျိုးရှိပြီးဈေးကွက်ရနိုင်မည့်သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးတောင်သူများလုပ်ငန်းအဆင်ပြေစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆည်၊ တမံများ၊ ရေထုတ်မြောင်းများကို စနစ်တကျပြုပြင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှုနှင့် ဆည်ရေသောက်ဧရိယာများအတွက် ရေရရှိရေးစီမံဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအသင်းအဖွဲ့များဖွဲ့စည်းခြင်း၊ မြစိမ်းရောင်စီမံကိန်းများဆောင်ရွက်ပေးခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိမှု၊ ဆောင်းသီးနှံများစိုက်ပျိုးရာတွင် ဆီထွက်သီးနှံများအတွက် မျိုးကောင်းမျိုးသန့်များရရှိရေး၊ သွင်းအားစုများရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှု၊ မိတ္ထီလာခရိုင်အတွင်း ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကို အသီးသီး ဆွေးနွေးပြောကြားကြသည်။

## မိတ္ထီလာခရိုင်သည် ဗဟိုအချက်အချာကျပြီး အခြေခံကောင်းများကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် မိတ္ထီလာဒေသနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ အရှေ့အနောက်တောင်မြောက်ဆုံသည့် နေရာတွင်ရှိပြီး လမ်းပန်းဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့်ပတ်သက်၍ အချက်အချာကျသည့် လမ်းဆုံမြို့တစ်ခုဖြစ်ကြောင်း၊ မိတ္ထီလာဒေသ၏ အကျယ်အဝန်းနှင့် နေပြည်တော်ကောင်စီနယ်မြေ၏ အကျယ်အဝန်းမှာ ကွာဟမှုအနည်းငယ်သာရှိသကဲ့သို့ လူဦးရေအနေဖြင့်လည်း မိတ္ထီလာတွင် ကိုးသိန်းကျော်ခန့်ရှိပြီး နေပြည်တော်တွင် တစ်သန်းကျော်ခန့်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ မိတ္ထီလာဒေသကိုလည်း စံပြနေရာတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တည်နေရာအနေအထားအရ နိုင်ငံ၏အလယ်ပိုင်း၌ရှိသည့်အပြင် ကုန်သွယ်မှုတွင်ဗဟိုကျပြီး အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်သကဲ့သို့ ပညာရေးနှင့်ပတ်သက်၍လည်း တက္ကသိုလ်၊ ကောလိပ်များ ပြည့်စုံစွာတည်ရှိသည့် ခရိုင်တစ်ခုဖြစ်ကြောင်း၊ သွားလာမှုနှင့်ပတ်သက်၍လည်း အဆင်ပြေလွယ်ကူသည့် မြေအနေအထားကို ပိုင်ဆိုင်ထားသည့်ဒေသတစ်ခုဖြစ်သဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့သည့် ဒေသတစ်ခုဖြစ်ကြောင်း။

## ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ပေးနိုင်ရမည်

ပညာရေးနှင့်ပတ်သက်၍လည်းအခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့်ဒေသတစ်ခုဖြစ်သဖြင့် ပညာရေးအားပေးမြှင့်တင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာရည်မြှင့်တင်ရေးနှင့်ပတ်သက်၍ **မိမိတို့နိုင်ငံတွင် KG + 12 ထိ တက်ရောက်နိုင်သည့် လူဦးရေ၏ ၆၀ ရာခိုင်နှုန်းခန့်သာ ပညာသင်ကြားနေကြ**ကြောင်း၊ ၂၀၁၉ ခုနှစ် နောက်ပိုင်းတွင် ကျောင်းတက်ရောက်မှုများ လျော့နည်းလာခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခြင်းများကြောင့်လည်း စာသင်ကျောင်းများကို ပိတ်ထားခဲ့ရကြောင်း၊ **အနာဂတ်တွင်ခေတ်မီနိုင်ငံတော်ကို တည်ဆောက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသား အရင်းအမြစ်ကောင်းများစွာကို မွေးထုတ်ပေးနိုင်ရန်လို**ကြောင်း၊ ထို့ပြင် စည်းကမ်းစနစ်ကျနသည့် လူ့အဖွဲ့အစည်းတစ်ရပ်ကိုလည်း ပုံဖော်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ **“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”** ဆိုသည့်အတိုင်း အနာဂတ်၏ ကလေးငယ်များသည် ပညာသင်ကြားချိန်တွင် ဆရာ၊ဆရာမများ၏ သွန်သင်ဆုံးမမှုများကို ခံယူခဲ့ကြရမည်ဖြစ်ကြောင်း၊ ကျောင်းလုံးဝမနေခဲ့ရသူများထက် ကျောင်းတက်ရောက်ခဲ့သည့် ကလေးငယ်များသည် စည်းကမ်းပိုမိုကောင်းမွန်သည်ကို တွေ့မြင်ရမည်ဖြစ်ပြီး တက်ရောက်ခဲ့ရသည့် အတန်းအလိုက် စိတ်ဓာတ်နှင့်စည်းကမ်းများ လိုက်နာမှု ကွာဟသွားမည်ဖြစ်ကြောင်း၊ အနည်းဆုံးအဆင့် KG + 12 ထိ သင်ကြားနိုင်မည်ဆိုပါက စည်းကမ်းများကောင်းမွန်လာမည်ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် စနစ်တကျ သင်ကြားပေးမည်ဆိုပါက စိတ်ဓာတ်စည်းကမ်း ကောင်းမွန်သည့် အဖိုးတန်မျိုးဆက်သစ် လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါ်ကြွယ်ဝအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံမှ ပြည်ပနိုင်ငံများသို့သွားရောက်၍ အလုပ်လုပ်ကိုင်နေသူများရှိကြောင်း၊ နိုင်ငံတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ခေတ်မီ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ **မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ကိုယ်စားဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

**တည်နေရာအနေအထားအရ နိုင်ငံ၏အလယ်ပိုင်း၌ရှိသည့်အပြင် ကုန်သွယ်မှုတွင်ဗဟိုကျပြီး အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်သကဲ့သို့ ပညာရေးနှင့်ပတ်သက်၍လည်း တက္ကသိုလ်၊ ကောလိပ်များ ပြည့်စုံစွာတည်ရှိသည့် ခရိုင်တစ်ခုဖြစ်. . .**

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာနည်းလမ်းများအတိုင်း ဆောင်ရွက်ခြင်းထက် ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးနည်းပညာများကို အသုံးချနိုင်ရန်လို၊ ထိုသို့ ဆောင်ရွက်မှသာလျှင် အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်. . .**

**မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်တာဝန်ထမ်းဆောင်နေကြသူများ၊ ဒေသခံများအားလုံးက အမြင်ကျယ်ကျယ်ဖြင့်အတူတကွဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်. . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

အောင်မြင်စွာဆောင်ရွက်နိုင်သည့် အတတ်ပညာရှင်များ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုဆိုင်ရာ လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ခရိုင်များအားလုံး၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို** ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာနည်းလမ်းများအတိုင်း ဆောင်ရွက်ခြင်းထက် ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးနည်းပညာများကို အသုံးချနိုင်ရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်မှသာလျှင် အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာဆောင်ရွက်နိုင်မည်ဖြစ်ပြီး လူမှုဘဝများတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အားပေးဆောင်ရွက်ကြစေလိုကြောင်း။**

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်**

မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့်ပတ်သက်၍ မိရိုးဖလာစိုက်ပျိုးခြင်းများကို ဆောင် ရွက်လျက်ရှိပြီး မိတ္ထီလာခရိုင်အတွင်း ဆန်ဖူလုံမှုအနေဖြင့် နည်းပါးနေသေးသည်ကို တွေ့ရှိရကြောင်း၊ တစ်ဧကချင်းအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသအတွင်း စိုက်ပျိုးသမျှအကျိုးကို ခံစားနိုင်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးမှုများ တစ်ဧကအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဆန်ဖူလုံမှုများတိုးတက်လာပြီး ဒေသဝင်ငွေကို ပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ ဒေသတွင်း၌ အခြေခံစားကုန်များဖူလုံမှုမရှိပါက ပြင်ပမှ ဝယ်ယူစားသုံးရမည်ဖြစ်ပြီး ဒေသတွင်းမှငွေများ ပြင်ပသို့ရောက်ရှိသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် အထွက်နှုန်းပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းလည်ပတ်သုံးစွဲငွေများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအပြင် ဒေသတွင်း မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့်လည်း ဒေသ၏လူမှုစီးပွားဘဝကို ဖွံ့ဖြိုးစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်စေရေး တာဝန်ရှိသူများအနေဖြင့် အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း။

မိတ္ထီလာခရိုင်သည် ဝါနှင့်ပတ်သက်၍ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စုပေါင်းသမဝါယမကိုဆောင်ရွက်သည့်စနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုထိရောက်အကျိုးရှိနိုင်ပြီး နိုင်ငံတော်အနေဖြင့်လည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အထွက်နှုန်းနှင့်ပတ်သက်၍ စိုက်ပျိုးသည့်သီးနှံအမျိုးအစားများအလိုက် ကောက်ကွက်များ ပြည့်မီစေရေးဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ သို့မှသာ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် အခြေခံများရရှိမည်ဖြစ်ကြောင်း၊ အလားတူ အတိုင်းအတာတစ်ခုထိထွက်ရှိသည့် ဒေသတစ်ခုဖြစ်သဖြင့် ဝါနှင့်ပတ်သက်သည့်စက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အမြင်ကျယ်ကျယ်ဖြင့် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ဝါဂွမ်းများမှ အဆင့်မီသည့်ချည်ထည်ပစ္စည်းများအဆင့်ထိ တိုးတက်ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ အထည်အလိပ်နှင့်ချည်ထည်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်ပြည့်မီပါက ပြည်ပသို့လည်းတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိတ္ထီလာဒေသအနေဖြင့် ဒေသတွင်းဖြစ်ထွန်းသည့် ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ခြင်း၊ နိုင်ငံ၏ ချည်ထည်၊ အထည်အလိပ်လုပ်ငန်းများ၌ ဦးဆောင်ဒေသတစ်ခု၊ စံပြခရိုင်တစ်ခုအဖြစ် ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဒေသ၏လူမှုစီးပွားဘဝကိုဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း။

စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရေးဆောင်ရွက်သွားရန်လည်းလိုကြောင်း၊ စနစ်တကျစိုက်ပျိုးမှုများကိုဆောင်ရွက်ခြင်းဖြင့် အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် မိတ္ထီလာခရိုင်ဖွံ့ဖြိုးတိုးတက်စေရေးမျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သာမန်ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ အားထည့်၍ဆောင်ရွက်သွားရန်လိုပြီး အချိန်ကိုအကျိုးရှိစွာဖြင့် အသုံးချကြစေလိုကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်တာဝန်ထမ်းဆောင်နေကြသူများ၊ ဒေသခံများအားလုံးက အမြင်ကျယ်ကျယ်ဖြင့် အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည်တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာမြို့၌ ကျောင်းသားစုပေါင်းခန်းမဆောက်လုပ်မည့်လျာထားမြေနေရာကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ်လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၇၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၂၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင်ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၇၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

ရှေ့ဖုံးမှအဆက်



စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုသည်။ ထို့နောက် သာစည်ဘူတာသို့ရောက်ရှိကြပြီး သာစည်ဘူတာမှတစ်ဆင့် သာစည်-မန္တလေး မီးရထားလမ်းပိုင်းပေါ်ရှိ စမုံချောင်းတံတား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုလုပ်ငန်းခွင်နေရာသို့ မီးရထားစီးနင်း၍ သွားရောက်ခဲ့ပြီး မီးရထားလမ်းတစ်လျှောက် စိုက်ပျိုးရေးလုပ်ငန်းကောင်းမွန်စွာအောင်မြင်ဖြစ်ထွန်းမှုအခြေအနေများ၊ ရေကြီးရေလျှံမှုဖြစ်ပေါ်စဉ် ရေအလုံးအရင်းဖြင့် ဝင်ရောက်တိုက်စားမှုများကြောင့် စိုက်ကေများနှင့် မီးရထားလမ်းပိုင်းတစ်လျှောက် အချို့နေရာများတွင် ထိခိုက်ပျက်စီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန် ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြီးရေလျှံမှုဖြစ်ပေါ်စဉ် ရေအလုံးအရင်းဖြင့် မြင့်တက်တိုက်စားခဲ့မှုကြောင့် တံတားအမှတ် ၆၉၁ (အဆန်)၏ ရန်ကုန်ဘက်ခြမ်းတံတားချဉ်းကပ်တာပေါင် ရေတိုက်စားပျက်စီးခဲ့မှုကို ရထားလမ်းဖြုတ်သိမ်း၍ စက်ယာဉ်ယန္တရားများဖြင့် တာပေါင်မြေဖို့ပြုပြင်ဆောင်ရွက်ခြင်းနှင့် သံလမ်းပြန်လည်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ တံတားအမှတ် ၆၉၁(အစုန်)၏ သံပေါင် လေးခုပြုတ်ကျခဲ့ပြီး တိုင်အမှတ်(၃)ရေစီးအားဖြင့်မျှောပါပျက်စီးခဲ့မှုအား Triple Double Bailey တံတားပေ ၉၀ ထိုး၍ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုလုပ်ငန်းခွင်နေရာသို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ရေစီးအားကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆောင်ရွက်နေသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုသို့ လိုက်လံကြည့်ရှုစစ်ဆေးစဉ် ကောင်စီဝင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်-မန္တလေးလမ်းပိုင်းနှင့်သာစည်-ရွှေညောင်-တောင်ကြီး လမ်းပိုင်းရထားလမ်းရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုများနှင့် လမ်းပိုင်းပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားမည့်အခြေအနေများကိုရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုထိခိုက်ပျက်စီးခဲ့မှုများကို ကြည့်၍ ရေအလုံးအရင်းဖြင့် စီးဆင်းမှုအားမည်မျှပြင်းထန်မည်ကို ခန့်မှန်း၍ ရနိုင်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းခဲ့စဉ် ရှမ်းကုန်းပြင်မြင့်ဘက်မှစီးဆင်းလာခဲ့သည့် ရေစီးကြောင်းများနှင့် ၎င်းရေစီးကြောင်းများနှင့် အတူမျှောပါလာသည့် သစ်လုံးသစ်တုံးများ၊ နုန်းအနည်အနှစ်များကြောင့်လည်း ရေစီးဆင်းရာ လမ်းကြောင်းတစ်လျှောက် ထိခိုက်ပျက်စီးမှု ပိုမိုများပြားခဲ့ရခြင်းဖြစ်ကြောင်း၊ **ပြန်လည်ပြုပြင်မှုများကို ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ အရည်အသွေးပြည့်မီရေးကို ဦးစားပေးဆောင်ရွက်သွားရန်လိုပြီး နောင်အလားတူဖြစ်ရပ်မျိုးဖြစ်ပေါ်လာပါက ခံနိုင်ရည်ရှိစေရေးအတွက် စနစ်တကျသုတေသနပြုတွက်ချက်၍ ဆောင်ရွက်သွားရန်လို**ကြောင်း၊ **ပြုပြင်မည့်ရထားလမ်းပိုင်းနေရာများနှင့် အသစ်တည်ဆောက်မည့် ရထားလမ်းပိုင်းနေရာများ၌ ရေဝင်ရေထွက်ကောင်းမွန်မှုရှိစေရေးဆောင်ရွက်သွားရန်လိုသကဲ့သို့ တံတားနေရာများ၌ အရှိန်အဟုန်ဖြင့် စီးဆင်းလာမည့် ရေစီးကြောင်းအရှိန်ကို ထိန်းနိုင်မည့် ကျောက်စီနံရံများဆောင်ရွက်ခြင်း၊ ချောင်းဖြောင့်ခြင်းတို့ကိုလည်း ထည့်သွင်းဆောင်ရွက်သွားရန်လို**ကြောင်း၊ အဆက်အသွယ်ပြတ်တောက်မှုမရှိစေရေးဆောင်ရွက်သွားရန်နှင့်လုပ်ငန်းဆောင်ရွက်မှုများ အချိန်မီပြီးစီးအောင်စီမံဆောင်ရွက်သွားရန် လိုကြောင်းဖြင့် မှာကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မီးရထားလမ်းတစ်လျှောက် စိုက်ပျိုးရေးလုပ်ငန်းကောင်းမွန်စွာအောင်မြင်ဖြစ်ထွန်းမှုအခြေအနေများ၊ ရေကြီးရေလျှံမှုဖြစ်ပေါ်စဉ် ရေအလုံးအရင်းဖြင့် ဝင်ရောက်တိုက်စားမှုများကြောင့် စိုက်ကေများနှင့် မီးရထားလမ်းပိုင်းတစ်လျှောက် အချို့နေရာများတွင် ထိခိုက်ပျက်စီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တံတားအမှတ် (၆၉၁) (အစုန်)၏ သံပေါင်လေးခုပြုတ်ကျခဲ့ပြီး တိုင်အမှတ်(၃)ရေစီးအားဖြင့် မျှောပါပျက်စီးခဲ့မှုအား Triple Double Bailey တံတား ပေ ၉၀ ထိုးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မီးရထားလမ်းပြုပြင်နေသည့်ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆိုပါတံတားပြုပြင်နေမှုနေရာမှ သဲတောဘူတာထိ ရထားစီးနင်းလိုက်ပါခဲ့ပြီး သဲတောဘူတာသို့ရောက်ရှိပြီးနောက် သဲတော-ဝမ်းတွင်း-မိတ္ထီလာလမ်းကြောင်းအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာခဲ့ကာ လမ်းကြောင်းတစ်လျှောက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများ၊ စိုက်ပျိုးရေး လုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်-မန္တလေး လမ်းပိုင်းနှင့် သာစည်-ရွှေညောင်-တောင်ကြီးလမ်းပိုင်း ရထားလမ်းရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုများနှင့် လမ်းပိုင်း ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားမည့်အခြေအနေများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မီးရထားလမ်းပြုပြင်နေသည့် ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်စဉ်။

# နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအပေါ် အဖွဲ့အစည်းအသီးသီးမှ ကြိုဆိုထောက်ခံကြောင်း သဘောထားများ ထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အားဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကိုထောက်ရှု၍ နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့မှုအပေါ် ကြိုဆိုထောက်ခံပါကြောင်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသတင်းအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ ဇဝ်ဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးနှင့် ပိန္နဲကုန်း ရခိုင်ဂျာမေဗလီတို့မှ ကြိုဆိုထောက်ခံပါကြောင်း သဘောထားများ ထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်းအား ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က ကြိုဆိုထောက်ခံကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

၁။ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၂။ ထိုသို့ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအား ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA(ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များကို အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ထုတ်ပြန်ကြေညာခဲ့ပါသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဖိတ်ခေါ်ကမ်းလှမ်းချက်ကို လက်ခံခြင်းအားဖြင့် နိုင်ငံ၏စည်းလုံးရေး၊ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ သဘောထားထုတ်ပြန်ချက်

ကြေညာချက် (၈/၂၀၂၄)

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၂၉ရက်၊ တနင်္ဂနွေနေ့

၁။ နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသော ဆုံးရှုံးနစ်နာမှုများသည် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့်ဖြစ်သည်ကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေး ရရှိစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေသည့် အဖွဲ့အစည်းများအားလုံးသည် အကြမ်းဖက်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ကြေညာချက်အား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ချက်အား မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၆ ရက်နေ့တွင် နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ PDF အဖွဲ့များအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးဆက်သွယ်ဆောင်ရွက်ပါရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

အထက်ပါဖိတ်ခေါ်ချက်ကို လက်ခံခြင်းအားဖြင့် နိုင်ငံ၏စည်းလုံးရေး၊ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဖိတ်ခေါ်ချက်ကို ထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

## မြန်မာနိုင်ငံစာရေးဆရာအသင်းက သဘောထားထုတ်ပြန်ချက်

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

၁။ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများနှင့် အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

၂။ ထိုသို့ နိုင်ငံတော်အား နည်းလမ်းပေါင်းစုံဖြင့် ဆန့်ကျင်တိုက်ခိုက်နေသည့် လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအား မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့အစည်းများအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။

ထိုသို့ ကမ်းလှမ်းဖိတ်ခေါ်ချက်ကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

## လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့ (ယာယီ)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့်ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်မှုအား လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၆-၉-၂၀၂၄ ရက်နေ့တွင် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့် သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ် ခဲ့ပါသည်။

ထိုကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်မှုအား မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးက ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး

## ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၆-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ကမ်းလှမ်းဖိတ်ခေါ်ချက်အား ထုတ်ပြန်ကြေညာခဲ့ပါသည်။

အဆိုပါ ဖိတ်ခေါ်ချက်ကို လက်ခံခြင်းအားဖြင့် နိုင်ငံ၏စည်းလုံးရေး၊ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည် ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)က ကြိုဆိုထောက်ခံပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) ၏ သဘောထားထုတ်ပြန်ချက်

၁။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ခြင်းအား ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ထိုသို့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအား မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)
(၂၉ - ၉ -၂၀၂၄)

## မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များကို အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ပြီး ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ၂၆-၉-၂၀၂၄ ရက်နေ့တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့မှုအား မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်အနေဖြင့် ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)၏ သဘောထားထုတ်ပြန်ချက်

နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်ရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်သူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းအား မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ကြေညာခဲ့သည့် နိုင်ငံတော်အားဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ကမ်းလှမ်းဖိတ်ခေါ်မှုအား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ၂၆-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖိတ်ခေါ်ခဲ့ပါသည်။

ထိုသို့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ချက်အား ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်
(အောက်မြန်မာပြည်)

## သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့ရသည့်အတွက် ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။

အထက်ပါဖိတ်ခေါ်ချက်ကို လက်ခံခြင်းအားဖြင့် နိုင်ငံ၏စည်းလုံးရေး၊ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၏ သဘောထားထုတ်ပြန်ချက်

(၂၉ - ၉ -၂၀၂၄)

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်း ဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ခြင်းအပေါ် ပိန္နဲကုန်း ရခိုင်ဂျာမေဗလီက ကြိုဆိုထောက်ခံပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၏ သဘောထားထုတ်ပြန်ချက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံပြဿနာကို နိုင်ငံရေး နည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ကမ်းလှမ်း ဖိတ်ခေါ်ချက်အား လွတ်မြောက်ခြင်းအသင်း တော်(ရန်ကုန်)က ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

လွတ်မြောက်ခြင်း အသင်းတော်(ရန်ကုန်)
၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၉ ရက်

## မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၏ သဘောထားထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်တင်ဘာ ၂၆ ရက်တွင် လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကိုထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက် သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအား အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

အဆိုပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကမ်းလှမ်းဖိတ်ခေါ်ခြင်းကို လက်ခံခြင်းအားဖြင့် နိုင်ငံ၏စည်းလုံးရေး၊ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား



တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် အားကစားသမားများ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၉**

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း၊ ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊ လေ)အားကစားပြိုင်ပွဲများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ အမျိုးသား၊ အမျိုးသမီး ကီလိုမီတာ၂၀ လမ်းလျှောက်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား ၁၀ မျိုးစုံ မီတာ ၁၀၀ ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲလုရွေးပွဲ၊ အမျိုးသား ၁၀ မျိုးစုံအလျားခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား ၁၀မျိုးစုံ သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၈၀၀ ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၂၀၀ ပြေးပြိုင်ပွဲ လုရွေးပွဲ၊ အမျိုးသား ၁၀ မျိုးစုံ တန်းမြင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား၊အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား ၁၀ မျိုးစုံ မီတာ ၄၀၀ ပြေးပြိုင်ပွဲ ဗိုလ်လုပွဲကိုလည်းကောင်း၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိကစားရုံ(A)တွင် အမျိုးသား၊ အမျိုးသမီး ကီလိုတန်းအလိုက် အတိုက်ရှုံးထွက်ပွဲစဉ်များ၊ ပတ်လည်ပွဲစဉ်များ၊ တတိယလုပွဲများနှင့် ဗိုလ်လုပွဲစဉ်များကို အသီးသီးယှဉ်ပြိုင်ကစားကြသည်။ ထို့နောက် အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်ဂျူဒိုကော်မတီမှ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊ လေ) အားကစားပြိုင်ပွဲများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌ အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲ(က)တန်း၊ အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသား ပန်ကြပ်ဆီးလပ်အတိုက်ပြိုင်ပွဲ(က)တန်း၊ အမျိုးသား ဓားနှစ်လက်အတိုက်ပြိုင်ပွဲ(က)တန်း၊ အမျိုးသား ဓားနှစ်လက်အတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသား ဓားတစ်လက်အတိုက်ပြိုင်ပွဲ (က) တန်း၊ အမျိုးသား ဓားတစ်လက်အတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသမီး ပန်ကြပ်ဆီးလပ်အတိုက်ပြိုင်ပွဲ၊ အမျိုးသမီး ဓားတစ်လက်အတိုက်ပြိုင်ပွဲ၊ လက်ထောက်နည်းပြတစ်ကိုယ်တော်ဓားတစ်လက် ပညာစဉ်စွမ်းရည်ပြနှင့်အမျိုးသမီး တစ်ကိုယ်တော်ဓားတစ်လက်ပညာစဉ် စွမ်းရည်ပြပြိုင်ပွဲများကိုလည်းကောင်း၊ လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် လူသစ်တန်းပြိုင်ပွဲ၊ က အဆင့်ပြိုင်ပွဲနှင့် အလွတ်တန်းပြိုင်ပွဲတို့၏ ဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်များကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် လေ့ကျင့်ရေးကွင်း(၁)၌ ဒုတိယအဆင့်အုပ်စု ပတ်လည်ပွဲစဉ်အဖြစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ယှဉ်ပြိုင်ကစားကြရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အနောက်တောင်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြုအသင်းအား ခြောက်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ဒုတိယအဆင့်အုပ်စု ပတ်လည်ပွဲစဉ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ယှဉ်ပြိုင်ကစားရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းအား ခုနစ်ဂိုး တစ်ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗဟ)

# ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်နေရာများတွင် လိုအပ်သည့်သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၉**

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် တပ်ကုန်းမြို့နယ် ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့တွင် လည်းကောင်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့တို့တွင် လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊စာသင်ကျောင်းများ၊ ဆေးရုံ၊ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများအပေါ်နှင့် ရပ်ကွက်၊ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့်အလှူငွေများကို အားတက်သရောပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။



နယ်မြေခံတပ်မတော်သားများက ဒေသခံရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ဎင်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း၊ တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံး ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဗဟ)

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ တိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ် နှစ်နိုင်ငံတရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကြား သတင်းဖလှယ်ဆောင်ရွက်၍ ဖော်ထုတ်ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသားတရားခံများအား လွှဲပြောင်းပေးအပ်


Chgen Dawei


Yang Liang


Luo Xiao Lan@ Luo Jin Lan


Shi Yan


Zeng Yao


Liao Jun


Chen Le


Jiang Sheng Long



Haung Gang


Lan Gengchuan


Chen Renyu


Zhang Hua


Li Dawei



Yan Wai Shein(c)
Chen You Jian


Yan Long


Yin Heng


Ye Shanhai


Long Jian


Zhang Li


Zhang Jufang

အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ် နှစ်နိုင်ငံတရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကြား သတင်းဖလှယ်ဆောင်ရွက်၍ ဖော်ထုတ်ဖမ်းဆီးရမိသည့် ချန်တာဝေ့ပါ တရုတ်နိုင်ငံသားဦးရေ ၂၀ ၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် စက်တင်ဘာ ၂၉**

မြန်မာ-တရုတ် နှစ်နိုင်ငံကြား တရားဥပဒေစိုးမိုးရေးနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ တိုက်ဖျက်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာနတို့ကြား သတင်းဖလှယ်မှုများ ဆောင်ရွက်၍ တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့နှစ်နိုင်ငံတရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကြား သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တရုတ်နိုင်ငံမှ အလိုရှိတရားခံပြေး ချန်တာဝေ့ ဦးဆောင်သော ဒုစရိုက်သမားများ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်မှု (ကျားဖြန့်) လုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း သတင်းအရ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ တရုတ်နိုင်ငံသား ချန်တာဝေ့နှင့် ရန်လျန့် အပါအဝင် တရုတ်နိုင်ငံသား တရားခံဦးရေ ၂၀ တို့ကို ဖော်ထုတ်ဖမ်းဆီးရမိသည်။

အဆိုပါဖမ်းဆီးရမိသော ချန်တာဝေ့ပါ တရုတ်နိုင်ငံသားဦးရေ ၂၀ တို့ကို တရုတ်နိုင်ငံ၌ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ရေးယူ ဆောင်ရွက်နိုင်ရေးအတွက် လုံလောက်သော အစောင့်အရှောက်များဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ တရုတ်နိုင်ငံသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူ ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ၊ အွန်လိုင်းလောင်းကစားလုပ်ငန်းများ တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများမှ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# ဧရာဝတီမြစ်ကြောင်းတစ်လျှောက်သွားလာပြေးဆွဲနေသော စစ်ရေးနှင့်မသက်ဆိုင်သည့် အရပ်ဘက်သင်္ဘောများကို နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်နေသည့် အကြမ်းဖက်သမားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်ချေမှုန်း

နေပြည်တော် စက်တင်ဘာ ၂၉

ဧရာဝတီမြစ်ကြောင်းအတွင်း ခရီးသွားပြည်သူလူထုက ခရီးသွားလာခြင်းနှင့် ကုန်စည်ပို့ဆောင်ခြင်းများ ဆောင်ရွက်နေသည့် သင်္ဘောများကို PDF အမည်ခံ အကြမ်းဖက်သမားများက ကုန်စည်စီးဆင်းမှုပြတ်တောက်စေရန်နှင့် ၎င်းတို့အတွက် ငွေကြေးမလုံလောက်မှုများ ဖြစ်ပေါ်လာသည့်အတွက် ဆက်ကြေးတောင်းခြင်း၊ ဆက်ကြေးမပေးနိုင်သည့် သင်္ဘောများကို ခေါင်းစဉ်အမျိုးမျိုးတပ်၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိသည်။



မတ္တရာမြို့နယ် သုံးဆယ်ပေးကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်း၌ အကြမ်းဖက်သမားများ နေထိုင်အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်။

အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိသည့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်မှ ကျေးရွာများကို တွေ့မြင်ရပုံ။








မတ္တရာမြို့နယ် သုံးဆယ်ပေးကျေးရွာအတွင်း၌ အကြမ်းဖက်သမားများအသုံးပြုခဲ့သည့် ဆက်သွယ်ရေးမြောင်းနှင့် ပစ်ကျင်းများကို တွေ့ရစဉ်။



မတ္တရာမြို့နယ် သုံးဆယ်ပေးကျေးရွာအတွင်းရှိ လူနေအိမ်များကို အကာအကွယ်ရယူ၍ အကြမ်းဖက်သမားများအသုံးပြုခဲ့သည့် သဲအိတ်ဘန်ကာများကို တွေ့ရစဉ်။



ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများတွင် အကြမ်းဖက်သမားများ အသုံးပြုထားသည့် ဘန်ကာများကို တွေ့ရစဉ်။



ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ စာသင်ကျောင်းများ၌ အကြမ်းဖက်သမားများ နေထိုင်အသုံးပြုထားသည့် အသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်။





ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများတွင် အကြမ်းဖက်သမားများ အသုံးပြုထားသည့် ဆက်သွယ်ရေးမြောင်းနှင့် ပစ်ကျင်းကို တွေ့ရစဉ်။

ထိုသို့ PDF အမည်ခံအကြမ်းဖက်သမားများ၏ လူမဆန်သည့်လုပ်ရပ်များကို လက်မခံနိုင်တော့သည့် ဒေသခံပြည်သူများက မတ္တရာမြို့နယ်အတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများတွင် PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းနေထိုင်ကြောင်းနှင့် ၎င်းတို့ လှုပ်ရှားသွားလာနေမှုများကို တပ်မတော်စစ်ကြောင်းများသို့ လျှို့ဝှက်စွာဆက်သွယ်သတင်းပေးပို့လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေးကို စက်တင်ဘာ ၂၀ ရက်မှစတင်၍ ဆောင်ရွက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PDF အမည်ခံအကြမ်းဖက်သမားများ ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ရှပ်ရှပ်ချုံချုံတိုက်ခိုက်ချေမှုန်းမှုများကြောင့် ၎င်းကျေးရွာများမှ အကြမ်းဖက်သမားများသည် စက်လှေများဖြင့် ဆုတ်ခွာထွက်ပြေးသွားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သမားများနောက်သို့ ထပ်ကြပ်မကွာ လိုက်လံရှင်းလင်းရာ မတ္တရာမြို့နယ် သုံးဆယ်ပေးကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများ၌ အကြမ်းဖက်သမားများ နေထိုင်အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများကိုတွေ့ရှိရပြီး လူနေအိမ်များကို အကာအကွယ်ရယူ၍ တည်ဆောက်ထားသော သဲအိတ်ဘန်ကာများ၊ ဆက်သွယ်ရေးမြောင်းများ၊ ပစ်ကျင်းများကို သိမ်းဆည်းရရှိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကုန်းတန်းလေးကျေးရွာ၊ ကုန်းတန်းကြီးကျေးရွာ၊ ဘိုကုန်းကျေးရွာ၊ ကြိမ်တောကျေးရွာ၊ ဘုရားမကုန်းကျေးရွာ၊ ဆူးလေကုန်းကျေးရွာ၊ ရွှေဘောင်ကျေးရွာ၊ သဖန်းဒေါင့်ကျေးရွာ၊ ငယ်တိုးကျေးရွာနှင့် သနပ်ကုန်းကျေးရွာတို့တွင် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ကျေးရွာများတွင် PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းကျေးရွာအတွင်းရှိ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ လူနေအိမ်ခြံစည်းရိုးများ၌ အုတ်များ၊ သံပီပါများဖြင့် ပြုလုပ်ထားသည့် ဘန်ကာများ၊ ဆက်သွယ်ရေးတူးမြောင်းများနှင့် ပစ်ကျင်းများကို သိမ်းဆည်းရမိခဲ့သည်။

**စာမျက်နှာ ၂၄ သို့**

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင့်

## ဗျည်း ၃၃ လုံး၏ အနက်နှင့်အဓိပ္ပာယ်

(ယမန်နေ့မှအဆက်)

### ဉ

ဉ လေးသည် မြန်မာဘာသာစကားတွင် အနက်လည်းမရှိ၊ အဓိပ္ပာယ်လည်းမရှိပါ။ ထို့ကြောင့် တည်ပုဒ်ဝေါဟာရလည်း မရှိပါ။ မြန်မာဘာသာတွင်ညကြီးသာရှိပြီး ဉ လေးမရှိ ပါဠိဘာသာတွင် ညကြီးမရှိ ဉ လေးသာရှိသည်ဟု မှတ်ယူနိုင်ပါသည်။ ထို့ကြောင့် မြန်မာဘာသာတွင် ဗျည်းအက္ခရာ ၃၃ လုံး သတ်မှတ်ရာ၌ ဉ လေးမပါဝင်ဘဲ ညကြီးသာ ပါဝင်ခဲ့ပေသည်။ သို့ရာတွင် အသတ် ၁၀ ပါး၌ ဉ လေးသတ် (ဉ်)ကို ထည့်ထားသဖြင့် ဉ လေးသည်လည်း မြန်မာဗျည်းအက္ခရာများတွင် ပါဝင်လာရသည်။ ဤအချက်နှင့်ပတ်သက်၍ ပြောရန်တစ်ချက် ရှိပြန်သည်။ မြန်မာထီးသုံးနန်းသုံးအရေးတို့တွင် ဉ လေးသတ်ကို မသုံးဘဲ ညကြီးသတ် နှစ်မျိုးခွဲ၍ ညကြီးသတ်ပိတ်ရွတ်နှင့် ညကြီးသတ်ဖွင့်ရွတ်ဟူ၍ သုံးနှုန်းရေးသားခဲ့ကြသည်။ မြန်မာအဘိဓာန်တွင် တည်ပုဒ်ယူရာ၌ မြန်မာတို့ တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြသော ပါဠိဘာသာစကားနှင့် ပါဠိသက်ဘာသာစကားတို့ကို ထည့်သွင်းထားပေသည်။

**သာဓက။** ။

**ဉာဏလုပ်သား**၊ န – ဉာဏ်ပညာကိုအသုံးပြု၍အလုပ်လုပ်သောသူ။ [ပါ၊ ဉာဏ + မြန်၊ လုပ်သား]

**ဉာတကာ**၊ န – ဆွေမျိုး။ [ပါ၊ ဉာတက]

**ဉာဉ်**၊ န – စိတ်သဘောထား။ အလေ့အထ။ [ပါ၊ ဉာဏ]

**ဉာဏ်**၊ န – သိမြင်တတ်သောတရား။ အသိတရား။ ပညာ။ [ ပါ၊ ဉာဏ ]

**ဉာဏ်တော်**၊ န – စေတီ၊ ပုထိုး၊ ဘုရားဆင်းတု၏အမြင့်ပမာဏ။ [ပါ၊ ဉာဏ + မြန်၊ တော် ]

**ဉာဏ်ပူဇော်ခ**၊ န – ပညာရှင်အား ဉာဏလုပ်အားအတွက် ချီးမြှင့်သော

**ငွေကြေး**။ [ပါ၊ ဉာဏ + ပူဇာ + မြန်၊ အခ]

**ဥတ်ကထိန်**၊ န – ကထိန်အာနိသင်ငါးပါး မြဲမြဲခိုင်ခံ့စွာ ရရှိစေနိုင်သော သင်္ကန်းအလှူ။ [ပါ၊ ဥတ္တိ + ကထိန]

**ဉာသ်ကျမ်း**၊ န – ပါဠိသဒ္ဒါကျမ်းတစ်စောင်၏အမည်။ နျာသကျမ်း။ [ပါ၊ ဉာသ + မြန်၊ ကျမ်း ]

### ည

မြန်မာအဘိဓာန်တွင် **ည** ကို "နေဝင်မှနေထွက်ထိအချိန်"ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ **ည** ၏ အနက်ရင်းသည်လည်း 'ပေါင်းစည်း' ပင်ဖြစ်ပါသည်။ မည်သို့ပေါင်းစည်းသနည်း။ နေ့အချိန်တွင် နေ၏ အလင်းရောင်သည် တဖြည်းဖြည်းလျော့နည်းလာပြီး အဆုံးတွင် အရောင်များ ပေါင်းစည်းချုပ်ငြိမ်းသွားကာအမှောင်ထု ပေါင်းစည်းစုရုံးရောက်ရှိလာသော အချိန်အခါသည် **ည** ဖြစ်လာပါသည်။ ပေါင်းစည်းမှု နှစ်မျိုးဖြစ်ပါသည်။ အလင်းရောင်ပေါင်းစည်းချုပ်ငြိမ်းမှုနှင့် အမှောင်ထု ပေါင်းစည်းစုရုံးမှုဟူ၍ဖြစ်ပါသည်။

မြန်မာဘာသာစကား ည ၏ ပရိယာယ်ဝေါဟာရမှာ ညဥ့် ဖြစ်ပါသည်။ ညဥ့် ဟူသောဝေါဟာရကြောင့် **ည** ၏အနက် ပို၍ထင်ရှားသည်ဟု ဆိုရပါမည်။ **ညဥ့်** သည် စုတူသတ်စနစ်အရ **ညစ်** နှင့်တူပါသည်။ ညစ်၏အဓိပ္ပာယ်သည် အစွန်းအထင်းတစ်စုံတစ်ရာကြောင့် ပေရေမှောင်မည်းသည့် သဘောကိုဆောင်ပါသည်။ ထို့ကြောင့် **ည** ဟူသည်မှာ အရောင်မလင်းသော၊ ညစ်မှောင်သော၊ မှောင်မည်းသော အချိန်အခါဟူ၍ အဓိပ္ပာယ်ပေါ်လွင်ပါသည်။

ထို့ပြင် **ညပ်** သည် **ည** ၏ တိုင်သံဖြစ်သည်။ **ည** နှင့် **ညပ်** တို့အနက်ရင်းတူညီသဖြင့် **ည** နှင့် **ညပ်** တို့၏အဓိပ္ပာယ်လည်း ဆက်စပ်မှုရှိသည်။ **ညပ်** ကို မြန်မာအဘိဓာန်တွင် "အကြားတစ်နေရာတွင် ကျပ်တည်းစွာတည်သည်။"ဟု အဓိပ္ပာယ် ဖွင့်ထားပါသည်။ အနက်ရင်းမှာ ပေါင်းစည်းခြင်းပင်ဖြစ်သည်။ အလျဉ်းသင့်သဖြင့်ဆိုရသော် **ညပ်** နှင့် **ကျပ်** သည် အသံပြောင်းအနက်တူပင်ဖြစ်သည်။ ပေါင်းစည်းနက်ဖြစ်သည်။

### ဋ

မြန်မာဗျည်းအက္ခရာ ၃၃ လုံးတွင် ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ ဟု ဆိုအပ်သော ဗျည်းအက္ခရာငါးလုံးလည်း ပါဝင်နေပါသည်။ ယင်းတို့ကို ဋဝဂ်ဗျည်းအက္ခရာငါးလုံးဟုဆိုပါသည်။ အကယ်စင်စစ် ထိုဋဝဂ်ဗျည်းအက္ခရာငါးလုံးသည် မြန်မာဘာသာတွင် အနက်မရှိ၊ အဓိပ္ပာယ်မရှိသော ဗျည်းအက္ခရာများဖြစ်ကြပါသည်။ သို့ရာတွင် ထိုဋဝဂ်အက္ခရာ ငါးလုံးတို့သည် ပါဠိဘာသာ၊ သက္ကတဘာသာတို့တွင် အနက်ရှိ၊ အဓိပ္ပာယ်ရှိသော အက္ခရာများဖြစ်ကြပါသည်။ မြန်မာဘာသာသည် အဆိုပါ ဋဝဂ် အက္ခရာများကို ပါဠိသက်၊ သက္ကတသက် ဝေါဟာရများအဖြစ် မွေးစားသုံးနှုန်းနေကြရသဖြင့် ဋဝဂ်အက္ခရာတို့ကို မြန်မာဗျည်းအက္ခရာများတွင် ထည့်သွင်းထားရပါသည်။ မြန်မာဘာသာတွင် ပါဠိသက်ဝေါဟာရများ၊ သက္ကတသက်ဝေါဟာရများနှင့် မကင်းနိုင်ကြောင်း သာဓကအချို့ ထုတ်ပြပါမည်။

**သာဓက။** ။

**ကုဋ္ဋီ**၊ န – ၁၊ တိုက်ခန်း။ အိမ်။ ကျောင်း။ ၂၊ ရဟန်းတော်များ ကျင်ကြီးကျင်ငယ်စွန့်ရာ အဆောက်အအုံ။ [ ပါ၊ ကုဋ္ဋီ]

**ကုဋ္ဌေ**၊ န – ဆယ်သန်းရှိသောအရေအတွက်။ [ ပါ၊ ကောဋ္ဌိ]

**ကဏ္ဋကောစ**၊ ကြိဝိ – ဆန့်ကျင်လျက်။ ဖီဆန်လျက်။ [ပါ၊ ကဏ္ဋက]

**ဋီကာ**၊ န – အဋ္ဌကထာကိုအကျယ်ဖွင့်ဆိုရေးသားသောကျမ်း။ [ပါ၊ ဋီကာ]

**ဋီကာချဲ့**၊ ကြိ – ချဲ့ထွင်ပြောဆိုရေးသားသည်။ [ ပါ၊ ဋီကာ + မြန်၊ ချဲ့ ]

**ဝဋ္ဋလိုက်**၊ ကြိ – မကောင်းမှု အကျိုးကို တန်ပြန်ခံစားရသည်။ ဝဋ္ဋလည်သည်။ [ပါ၊ ဝဋ္ဋ + မြန်၊ လိုက်]

**ကုဋ္ဌ**၊ န – အနာကြီးရောဂါ။ နူနာ။ [ပါ၊ ကုဋ္ဌ ( ဋ္ဌ = ဋ် + ဌ )]

### ဌ

**သာဓက။** ။

**ကဏ္ဌဌာန်**၊ န – က၊ ခ၊ ဂ၊ ဃ၊ င၊ ဟ၊ အ၊ အာ ဟူသော အက္ခရာရှစ်လုံးတို့ဖြစ်ရာ လည်ချောင်းအရပ်။ [ပါ၊ ကဏ္ဌ + ဌာန ]

**ဌာန**၊ န – ၁၊ နေရာ။ အရပ်။ ၂၊ လုပ်ငန်းရပ်တစ်ခုခုကို စီမံခန့်ခွဲရာ နေရာ။ [ ပါ၊ ဌာန]

**ဌာနန္တရ**၊ န – ရာထူး။ [ပါ၊ ဌာနန္တရ]

**ဌာပနာ**၊ ကြိ – ၁၊ မွေတော်ဓာတ်တော်စသည်ကို စေတီပုထိုးတွင် ထည့်သွင်းသည်။ ၂၊ မုန့်အတွင်းတွင် ထန်းလျက်စသည်ကို ထည့်သည်။

န– ထိုသို့ထည့်သွင်းသောပစ္စည်း။ [ပါ၊ ဌပန]

**ဌာန်**၊ န – စကားသံဖြစ်ရာ လည်ချောင်းစသောနေရာ။ [ပါ၊ ဌာန]

**ဒိဋ္ဌ**၊ ကြိဝိ – ၁၊ မျက်မြင်ကိုယ်တွေ့။ ၂၊ ကေန်မုချ။ [ပါ၊ ဒိဋ္ဌ (ဋ္ဌ = ဋ် + ဌ )]

**ပဋ္ဌာန်း**၊ န – အကြောင်းတရား၂၄ပါးကိုအကျယ်ဝေဖန်ဟောပြောသော ဗုဒ္ဓဒေသနာတစ်ရပ်။ [ပါ၊ ပဋ္ဌာန (ဋ္ဌ = ဋ် + ဌ )]

**သန္နိဋ္ဌာန်**၊ န – ဆုံးဖြတ်ချက်။ [ပါ၊ သန္နိဋ္ဌာန (ဋ္ဌ = ဋ် + ဌ )]

**ဥက္ကဋ္ဌ**၊ န – အဖွဲ့အစည်းတစ်ခုခု၏ အကြီးအကဲ၊ အကြီးအမှူး။ [ပါ၊ ဥက္ကဋ္ဌ (ဋ္ဌ = ဋ် + ဌ )]

### ဍ

**သာဓက။** ။

**ကဏ္ဍ**၊ န – အပိုင်း။ အခန်း။ [ပါ၊ ကဏ္ဍ ]

**ကဏ္ဍကမြင်း**၊ န – ဘုရားလောင်း သိဒ္ဓတ္ထမင်းသား၏ ဖွားဖက်တော် ခုနစ်ပါးတွင်ပါဝင်သော စီးတော်မြင်း၏ အမည်။ [ပါ၊ ကဏ္ဍက + မြန်၊ မြင်း]

**စဏ္ဍာလ**၊ န – အမျိုးဇာတ် ယုတ်နိမ့်သောသူ။ (သုသာန်စောင့်စသည်။) [ပါ၊ စဏ္ဍာလ]

**ဍရင်ကောက်ပင်**၊ န – ကွေးကောက်သည့်အညွန့်နုကိုစားရသော ဟင်းရွက်ပင်တစ်မျိုး။

**ပိဏ္ဍပါတ်ဆွမ်း**၊ န – ဆွမ်းခံ၍ရသောဆွမ်း။ [ပါ၊ ပိဏ္ဍပါတိက + မြန်၊ ဆွမ်း]

**ပုဏ္ဍရိက်**၊ န – ကြာဖြူ။ [ပါ၊ ပုဏ္ဍရိက ]

**ဘဏ္ဍာရေးနှစ်**၊ န – နိုင်ငံ့ဘဏ္ဍာကို စီမံခန့်ခွဲရာ၌ တစ်နှစ်တာ ပိုင်းခြား သတ်မှတ်ထားသည့် ကာလ။ [ပါ၊ ဘဏ္ဍာ + မြန်၊ ရေးနှစ် ]

(ဆက်လက်ဖော်ပြပါမည်)

စာမျက်နှာ ၂၃ မှအဆက်

PDF အမည်ခံအကြမ်းဖက်သမားများသည် ရောဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများတွင် ခိုအောင်းလှုပ်ရှားနေပြီး လူနေအိမ်များ၊ စာသင်ကျောင်းများနှင့် ဘာသာရေး အဆောက်အအုံများကို အကာအကွယ်ယူ၍ ပြည်သူလူထု အသုံးပြုနေသော စစ်ရေးနှင့်မသက်ဆိုင်သည့် ခရီးသွားသင်္ဘောများ၊ ကုန်စည်ပို့ဆောင်ရေး သင်္ဘောများကို ပစ်ခတ်တိုက်ခိုက်ခြင်းများ ကျူးလွန်ခဲ့ရာ ၂၀၂၃ ခုနှစ်မှစ၍ ယနေ့အချိန်ထိ စုစုပေါင်း ၁၄၆ ကြိမ် လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။



ရောဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများတွင် အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများကို တွေ့ရစဉ်။

ရောဝတီမြစ်ကြောင်းအတွင်း ပြည်သူများ လုံခြုံစိတ်ချစွာခရီးသွားလာနိုင်ရန်နှင့် ကုန်စည်များ သယ်ယူပို့ဆောင်နိုင်ရန်အတွက် ဒေသတွင်း ကုန်စည်စီးဆင်းမှုကို နှောင့်ယှက်တိုက်ခိုက်နေပြီး ခရီးသွား ပြည်သူများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများကို လုံခြုံရေး တပ်ဖွဲ့ဝင်များက နည်းလမ်းမျိုးစုံဖြင့် စုံစမ်းဖော်ထုတ်၍ လိုအပ်သည့်တိုက်ခိုက်ချေမှုန်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုအနေဖြင့်လည်း အကြမ်းဖက်သမားကင်းစင်ပြီး အေးချမ်းတည်ငြိမ်စွာ နေထိုင်သွားလာနိုင်ရန်အတွက် အကြမ်းဖက်သမားများ၏လှုပ်ရှားသွားလာ၊ ခိုအောင်းနေထိုင်လျက်ရှိကြောင်း သိရှိရပါက လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လျှို့ဝှက်စွာ ဆက်သွယ် သတင်းပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။

(၅၀၁)

# နိုင်ငံရေးပါတီ (၂၆) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

**နိုင်ငံရေးပါတီ ( ၂၆ ) ပါတီ၏**

**ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်**

**၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ( ၁၂ ) ရက်**

**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ( ၂၉ ) ရက်**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်းပြုလုပ်ခဲ့ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ပါ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်အာဏာလွှဲအပ်ရေးကို ဦးတည်ဆောင်ရွက်နေသော်လည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်သည့်နည်းလမ်းကို ရွေးချယ်အသုံးပြုခဲ့ကြသည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများကြောင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ၊ အခြေခံအဆောက်အဦများ၊ အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့်အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအဟန့်အတား ဖြစ်စေခဲ့ပါသည်။ ဤကဲ့သို့ ဖြစ်ပျက်တွေ့ကြုံခံစားနေရမှုများကို ပြည်သူလူထုတစ်ရပ်လုံးက လိုလားကြခြင်းလည်း မရှိကြပါ။

၃။ မကြာမီရက်ပိုင်းကလည်း နိုင်ငံအနှံ့အပြားတွင် သဘာဝဘေးဒဏ်ကြောင့် ရေကြီးရေလျှံမှုဒဏ်ကို နှစ်ပေါင်း (၅၀/ ၁၀၀) အတွင်း အဆိုးရွားဆုံးဖြစ်စဉ်အနေဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ . ရေဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို အလျင်အမြန်ပြန်လည် ဆောင်ရွက်နိုင်ရန် တည်ငြိမ်၊ အေးချမ်း၊ လုံခြုံမှုမှာ အထူးလိုအပ်ချက်ဖြစ်ပါသည်။

၄။ ယခုအခါ ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းမှန်ကန်မှုကို အထောက်အကူပြုစေမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်အား ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ဆောင်ရွက်တော့မည် ဖြစ်ပါသည်။ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမည့် လုပ်ငန်းစဉ်ကြီး အဆင်ပြေအေးချမ်းစွာ ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါသည်။

၅။ သို့ပါ၍ နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကို ထောက်ရှု၍လည်းကောင်း၊ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များအား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ပေးနိုင်ရေးအတွက်လည်းကောင်း၊ ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် အထောက်အကူပြုနိုင်မည့် သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်အား တည်ငြိမ်အေးချမ်းစွာဖြင့် အချိန်မီ ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ပြည်သူနှင့်အတူ လက်တွဲဆောင်ရွက်ရန် လိုအပ်ချက်အရလည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်အဖွဲ့များအား လက်နက်ကိုင် အကြမ်းဖက် တိုက်ခိုက်သည့် လမ်းစဉ်ကိုစွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်ဖြစ်စေ၊ ရွေးကောက်ပွဲလမ်းကြောင်းဖြင့်ဖြစ်စေ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် ကမ်းလှမ်းဖိတ်ခေါ်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၆။ သို့ပါ၍ အထက်အပိုဒ်ပါ ထုတ်ပြန်ကမ်းလှမ်းချက်သည် ပြည်သူတစ်ရပ်လုံး၏ အမှန်တကယ် လိုလားချက်အားကိုယ်စားပြုရာရောက်သည့် နိုင်ငံတော်၏ အပြုသဘောဆောင်သော ကမ်းလှမ်းချက်ဖြစ်သောကြောင့်လည်းကောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အကျိုးကို ရှေးရှုသော လိုက်နာပူးပေါင်းဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း ရှုမြင်ပါသဖြင့် ၎င်းထုတ်ပြန်ချက်အပေါ် ကျွန်ုပ်တို့နိုင်ငံရေးပါတီများက အပြည့်အဝ ထောက်ခံအပ်ပါကြောင်းပူးတွဲသဘောထားထုတ်ပြန်အပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးဌေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါတိန့် | အတွင်းရေးမှူး | ဒီမိုကရေစီ ပါတီသစ် (ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရှဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | |
| ၇။ | ဦးဦးသန်းဌေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေး မဟာမိတ်များ အဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမား ပါတီ | |
| ၁၁။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၂။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၃။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ် အင်အားစု လေဘာပါတီ | |
| ၁၄။ | ဦးစိုင်းအိုက်ပေါင်း | ဥက္ကဋ္ဌ | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ် ပါတီ(ကျားဖြူပါတီ) | |
| ၁၅။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၆။ | ဦးခိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသား ဒီမိုကရေစီ ပါတီသစ် | |
| ၁၇။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွား တိုးတက်ရေးပါတီ | |
| ၁၈။ | ဦးအောင်ဘ | ဗဟို အလုပ်အမှုဆောင် | ခူမီး အမျိုးသားပါတီ | |
| ၁၉။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေး အားမာန်သစ်ပါတီ | |
| ၂၀။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ | |
| ၂၁။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၂။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၃။ | ဦးသန်းဦး | ဒုတိယဥက္ကဋ္ဌ | ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ | |
| ၂၄။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၅။ | ဦးပါစီပြည်ဟိန်း | ဥက္ကဋ္ဌ | လူထုပါတီ | |
| ၂၆။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ | |

# အောင်မြင်သာနှင့် မဟာဒီပတွေ့ဆုံခြင်း ဇာတ်လမ်းကို Shwe Stream Application မှ ထုတ်လွှင့်သွားမည်




ရန်ကုန် စက်တင်ဘာ ၂၉

ထက်ရုပ်ရှင် ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အောင်မြင်သာနှင့် မဟာဒီပတွေ့ဆုံခြင်းဇာတ်လမ်းကိုအောက်တိုဘာလအတွင်း Shwe Stream Application မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ သီဟမင်းညီက ပြောပြ၍ သိရသည်။

အောင်မြင်သာနှင့် မဟာဒီပတွေ့ဆုံခြင်းဇာတ်လမ်းကို စာရေးဆရာ ဇေယန (ရာမည)၏ဝတ္ထုကို ဖိုးကျော် (သန်လျင်)ကဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာသီဟမင်းညီက ထက်ရုပ်ရှင် ထုတ်လုပ်ရေးအတွက်ရိုက်ကူးထားခြင်းဖြစ်သည်။

"ဒီဇာတ်လမ်းကလဲ အောင်မြင်သာ စီးရီးထဲက ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ သည်းထိတ်ရင်ဖိုလျှို့ဝှက်ဆန်းကြယ် ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ အောင်မြင်သာတို့ဆရာတပည့်နှစ်ယောက် ဘုရားဖူးဖို့ လာခဲ့ကြရာကနေ ဘုရားပေါ်မှာ မဟာဒီပဆိုသူ တစ်ယောက်နဲ့ တွေ့ဆုံခဲ့ပြီး မဟာဒီပဆိုသူကို အထက်ပုဂ္ဂိုလ်တွေက အောင်မြင်သာနဲ့တွေ့ဆုံစေပြီး စေတီတစ်ဆူထီးတင်စေဖို့နဲ့ စေတီတည်ပြီးတော့ ထီးတင်မဲ့နေ့မှာ အနှောင့်အယှက်တွေနဲ့ တွေ့ကြုံရတဲ့အခါ အောင်မြင်နဲ့ မဟာဒီပတို့ဘယ်လိုတွေ ရင်ဆိုင်ဖြေရှင်းကြမလဲဆိုတာ ရှုစားပေးကြပါအုံး"ဟု ဒါရိုက်တာသီဟမင်းညီက ပြောပြသည်။

အောင်မြင်သာနှင့် မဟာဒီပတွေ့ဆုံခြင်းဇာတ်လမ်းတွင် သရုပ်ဆောင် စစ်နိုင်၊ လင်းအောင်၊ နှောင်ထိပ်တင်၊ နိုင်လူ၊ ဝေယံရှိုင်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# The Hand That Rocks the Cradle ဇာတ်ကားတွင် မိုင်ကာမွန်ရိုး ပါဝင်သရုပ်ဆောင်မည်

နယူးယောက် စက်တင်ဘာ ၂၉

၂၀ ရာစု ရုပ်ရှင်စတူဒီယို၏ The Hand That Rocks the Cradle ဇာတ်ကား၌ မင်းသမီး မိုင်ကာမွန်ရိုး ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် မင်းသမီး မိုင်ကာမွန်ရိုးအနေဖြင့် The Hand That Rocks the Cradle ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် ၂၀ ရာစုရုပ်ရှင်စတူဒီယိုနှင့် သဘောတူညီချက်လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် နာမည်ကျော် လျှို့ဝှက်သည်းဖိုဇာတ်ကားတစ်ကားဖြစ်သည့် The Hand That Rocks the Cradle (1992) ကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

The Hand That Rocks the Cradle ဇာတ်ကားသစ်ကို မက္ကဆီကို အမျိုးသမီးဒါရိုက်တာ မစ်ချဲဂါဇာဆာဗီရာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

The Hand That Rocks the Cradle ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမီကားအလွန်ဘာ့က ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




# ပုဇွန်တောင်မြို့နယ် Sar Ga Gallery တွင် Art Aid for Myanmar Group Art Exhibition ပန်းချီပြပွဲ ပြုလုပ်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ Sar Ga Gallery တွင် Art Aid for Myanmar Group Art Exhibition ပန်းချီပြပွဲကို စက်တင်ဘာ ၂၈ ရက်မှစ၍ ပြုလုပ်လျက်ရှိကြောင်း ပန်းချီသုဝဏ်က ပြောပြ၍ သိရသည်။

Art Aid for Myanmar Group Art Exhibition ပန်းချီပြပွဲတွင် ဝါရင့်နာမည်ရ ပန်းချီ ဆရာ ၃၃ ဦးတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံလက်ရာစုံ ပန်းချီကားများကို ပြခန်းတွင်သာမက ပြခန်း၏ Facebook Page တွင် စက်တင်ဘာ ၂၈ ရက်မှစ၍ စက်တင်ဘာ ၃၀ ရက်ထိ ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Artists Gallerists & Collectors တို့ စုပေါင်းစီစဉ်ကြတဲ့ Art Aid for Myanmar ကို ရေဘေးအလှူအတွက် ပေးပို့ပါဝင်လှူဒါန်းကြတဲ့ ပန်းချီကားတွေထဲက တချို့ကို Art Aid for Myanmar Facebook Page ကတစ်ဆင့် ရောင်းချနေသလို တချို့ပန်းချီကားတွေကို စက်တင်ဘာ ၂၁ ရက်မှ စက်တင်ဘာ ၂၃ ရက်ထိ Lokanat Galleries မှာ ပန်းချီပြပွဲပြုလုပ်ရောင်းချခဲ့ပါတယ်။ Lokanat Galleries မှာ ပန်းချီပြပွဲ ပြုလုပ်နေစဉ်အတွင်း အသစ်ရောက်ရှိလာတဲ့ ပန်းချီကားတွေနဲ့ အဲဒီပွဲမှာ မပြလိုက်ရသေးတဲ့ပန်းချီကားတွေကို စက်တင်ဘာ ၂၈ ရက်ကစပြီး စက်တင်ဘာ ၃၀ ရက်ထိ ပြပွဲပြုလုပ်သွားမှာဖြစ်ပါတယ်"ဟု ပန်းချီသုဝဏ်က ပြောပြသည်။



အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၂၄x၂၄) လက်မ၊ (၃၆x၂၄) လက်မ၊ (၁၈x၂၄) လက်မ၊ (၁၈x၁၈) လက်မ စသည်ဖြင့်အရွယ်အစား အစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံး ငွေကျပ် ၂၅ သိန်းထိ ရှိကြောင်း သိရသည်။

ASH

# Rosebush Pruning ၌ ကယ်လမ်တန်နာနှင့် ရိုင်လေကီးအော့တို့ ပါဝင်သရုပ်ဆောင်နေ

နယူးယောက် စက်တင်ဘာ ၂၉

Rosebush Pruning အမည်ရှိ ဇာတ်ကားသစ်၌ မင်းသမီး ခရစ္စတန်စတီးဝပ်နှင့်မင်းသား ဂျို့အိုကွန်နာတို့နေရာတွင် မင်းသား ကယ်လမ်တန်နာနှင့် မင်းသမီး ရိုင်လေကီးအော့တို့ အစားထိုး ပါဝင် သရုပ်ဆောင်နေကြောင်း စက်တင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

Rosebush Pruning ဇာတ်ကားတွင် ခရစ္စတန်စတီးဝပ်နှင့် ဂျို့အိုကွန်နာတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်ဟု မူလက ကြေညာထားကြောင်း သိရသည်။


သို့ရာတွင် ဇာတ်ကားရိုက်ကူးရက် ညှိနှိုင်းရခက်မှုပြဿနာများကြောင့် ခရစ္စတန်စတီးဝပ်နှင့် ဂျို့အိုကွန်နာတို့ နေရာတွင် ကယ်လမ်တန်နာနှင့် ရိုင်လေကီးအော့တို့ အစားထိုးဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။


လက်ရှိတွင် Rosebush Pruning ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းကို စပိန်နိုင်ငံ၌ စတင်နေပြီဖြစ်ပြီး အဆိုပါဇာတ်ကားကို ဘရာဇီးဒါရိုက်တာ ကာရမ်အိုင်းနေ့ဇ်က တာဝန်ယူရိုက်ကူးနေခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် Rosebush Pruning ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# ပဉ္စမမြောက်ပုဏ္ဏာဇာတ်လမ်းတွဲကို အောက်တိုဘာ ၃ ရက်တွင် Fortune tv Channel မှ ထုတ်လွှင့်ပြသမည်

ရန်ကုန် စက်တင်ဘာ ၂၉

Cosmos Film Production မှ စီစဉ်ရိုက်ကူးထားသည့် ပဉ္စမမြောက်ပုဏ္ဏာ ရုပ်သံဇာတ်လမ်းတွဲကို အောက်တိုဘာ ၃ ရက်တွင် Fortune tv Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်ထားသည့် သရုပ်ဆောင် မင်းသူက ပြောပြ၍ သိရသည်။

ပဉ္စမမြောက်ပုဏ္ဏာ ဇာတ်လမ်းတွဲကို မယ်ခိုင်နှင့် ရွှေပြည့်တို့က ဇာတ်လမ်း၊ ဇာတ်ညွှန်း ရေးသားထားပြီး ဒါရိုက်တာ ကျော်ထင်က ပုံဖော်ရိုက်ကူးထားခြင်းဖြစ်သည်။

"ဒီဇာတ်လမ်းတွဲက လျှို့ဝှက်ဆန်းကြယ်နဲ့ အချစ်၊ အလွမ်း ရသတွေ ပေါင်းစပ်ပါဝင်တဲ့ ဇာတ်လမ်းတွဲတစ်ခုပါ။ ပဟေဠိဆန်လွန်းတဲ့ မဟော်ဂနီစံအိမ်ကြီးထဲမှာ ပျောက်ဆုံးနေတဲ့ ဦးလေးဖြစ်သူကို လိုက်ရှာရင်း နောက်ထပ်ဖြေရှင်းရမဲ့ပြဿနာတွေ တစ်ခုပြီးတစ်ခု ပေါ်ထွက်လာတဲ့အခါမှာ ဘယ်လို လှည့်ကွက်တွေသုံးပြီး အဖြေရှာကြမလဲဆိုတာကို သည်းထိတ်ရင်ဖို အချစ်၊ အလွမ်းဇာတ်လမ်းကြိုက်သူတွေ အဖြေရှာကြည့်ရမဲ့ ဇာတ်လမ်းတွဲလေးဖြစ်ပါတယ်"ဟု သရုပ်ဆောင် မင်းသူက ပြောပြသည်။

ပဉ္စမမြောက်ပုဏ္ဏာ ဇာတ်လမ်းတွဲတွင် မျက်နှာသစ် သရုပ်ဆောင်များဖြစ်သည့် မော်ကွန်းသစ်၊ မင်းမြတ်၊ ဈာန်ဟိန်း၊ ပြည့်ဖြိုးအောင်၊ နေရောင်လွှမ်း၊ ဖိုးလမင်း၊ သဉ္ဇာ၊ ဆုထက်၊ ပြည့်ကောင်းစုသန့်၊ သက်တံ့ပိုင်၊ မေသက်ကျော်နှင့် ဝါရင့်သရုပ်ဆောင်များဖြစ်သည့် မင်းသူ၊ လူမုန်း၊ မောင်မောင်မျိုးသန့်၊ သန်းသန်းစိုးနှင့်အခြားအနုပညာရှင်များပါဝင်ထားကြောင်း၊ အဆိုပါဇာတ်လမ်းတွဲကို အောက်တိုဘာ ၃ ရက်မှစတင်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ နံနက် ၁၀နာရီ မိနစ် ၃၀ တွင် ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG ၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့ အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၆၈၃၁ ဧက စိုက်ပျိုးပြီးစီး



**ကန့်ဘလူ စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၆၈၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၂၅၅၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၆၈၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မိုးစပါး ၁၄၂၅၅၈ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၄၆၈၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးမှုအနေနဲ့ လက်ရှိအချိန်မှာတော့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါး အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် မိုးစပါး စိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်ထံမှ သိရသည်။ (၂၀၆)

# မိုင်းယောင်းမြို့နယ် ဝမ်ဟွန်းကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းယောင်း စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟောင်ကြန့်ကျေးရွာအုပ်စု ဝမ်ဟွန်းကျေးရွာ၌ အငှမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းယောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထိုနောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဝမ်ဟွန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၈ ဦးကို ရန်ပုံငွေကျပ်သိန်း ၃၈၀ ကို ထုတ်ချေးပေးခဲ့ကြောင်း မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းထံမှ သိရသည်။ **မောင်နိုင်**

# မဟာအင်အားကြီးနိုင်ငံများ၏ပြိုင်ဆိုင်မှုနှင့် ဒေသတွင်းနိုင်ငံများအပေါ်သက်ရောက်မှု

တရုတ်-အမေရိကန်မဟာအင်အားကြီးနိုင်ငံများ၏ပြိုင်ဆိုင်မှုကြားတွင် နိုင်ငံတကာဆက်ဆံရေး၏ မဟာဗျူဟာမြောက်အခြေအနေသည် မကြာသေးမီနှစ်များအတွင်း သိသိသာသာပြောင်းလဲလာလျက်ရှိပြီး အထူးသဖြင့် စစ်ရေးဆိုင်ရာစွမ်းဆောင်ရည်များတွင် သိသာထင်ရှားစွာပြောင်းလဲဖြစ်ပေါ်လာလျက်ရှိသည်။ အထူးခြားဆုံးသော ဖွံ့ဖြိုးတိုးတက်မှုများအနက်မှတစ်ခုသည် တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်(ICBM)နည်းပညာတွင် တရုတ်နိုင်ငံ၏ တိုးတက်လာမှုများပင်ဖြစ်သည်။

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် ဒုံးပျံတပ်ဖွဲ့(PLARF)က ယခုနှစ် စက်တင်ဘာ ၂၅ ရက်တွင်လုပ်ဆောင်ခဲ့သည့် Dong Feng(DF)-41 ICBM စမ်းသပ်မှုသည် တရုတ်နိုင်ငံ၏စစ်ရေးအင်အားကြီးထွားလာမှုနှင့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် မဟာဗျူဟာမြောက်လွှမ်းမိုးမှုရရှိရေး ဖော်ဆောင်သွားမည့် ၎င်း၏ ခိုင်မာသောဆုံးဖြတ်ချက်ကို ရှင်းရှင်းလင်းလင်းညွှန်ပြလျက်ရှိသည်။ ၎င်းစမ်းသပ်မှုသည် အမေရိကန်နှင့် တင်းမာမှုမြင့်တက်နေချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်ပြီး မဟာအင်အားကြီးနိုင်ငံများ၏ သိမ်မွေ့နက်နဲသောပြိုင်ဆိုင်မှုကို မီးမောင်းထိုးပြလျက်ရှိသည်။

၂၀၁၇ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့သော DF-41 သည် တရုတ်နိုင်ငံ၏ ပြိုင်ဘက်ကင်းနျူကလီးယားလက်နက်၏ အစိတ်အပိုင်းအဖြစ်ရပ်တည်လျက်ရှိသည်။ အကွာအဝေး ကီလိုမီတာ ၁၂၀၀၀မှ ၁၅၀၀၀ ထိ ပစ်ခတ်နိုင်သော DF-41 သည် အမေရိကန်ပြည်မကြီးထိ ရောက်ရှိနိုင်သည်။ ၎င်းကို နျူကလီးယားကျည်ထိပ်ဖူးများသယ်ဆောင်နိုင်ရန် ဒီဇိုင်းရေးဆွဲထားသောကြောင့် တရုတ်နိုင်ငံကို နျူကလီးယားနယ်ပယ်တွင် အဓိကနိုင်ငံအဖြစ် ရပ်တည်လာစေနိုင်သည်။ ပစိဖိတ်သမုဒ္ဒရာ၏ သတ်မှတ်ထားသောနေရာသို့ တိကျစွာကျရောက်ခဲ့သည့် သဏ္ဌာန်တုကျည်ထိပ်ဖူးပါရှိသော DF-41 စမ်းသပ်ပစ်ခတ်မှုသည် အဆင့်မြင့်ဒုံးကျည်နည်းပညာအပြင် စည်းရုံးဆောင်ရွက်နိုင်သည့် စစ်ဘက်မဟာဗျူဟာကိုလည်း ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

တရုတ်နိုင်ငံ၏ ဒုံးကျည်စမ်းသပ်မှုသည် ၎င်း၏ စစ်ဘက်စွမ်းဆောင်ရည်များ ခေတ်မီအဆင့်မြှင့်တင်ရေးဆိုသည့် ကျယ်ပြန့်လှသော မဟာဗျူဟာ၏ တစ်စိတ်တစ်ဒေသပင်ဖြစ်ပြီး တရုတ်စစ်ဘက်သည် လွန်ခဲ့သောဆယ်စုနှစ်အနည်းငယ်အတွင်း စဉ်ဆက်မပြတ်တိုးတက်လာလျက်ရှိသည်။ ၁၉၉၂ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တရုတ်နိုင်ငံ၏ကာကွယ်ရေးအသုံးစရိတ်သည် ၇၉၀ ရာခိုင်နှုန်းထိ အံ့ဩဖွယ်ကောင်းလောက်အောင်ပင် မြင့်တက်လာခဲ့သည်။ အဆိုပါများပြားသည့်ရင်းနှီးမြှုပ်နှံမှုသည် ဒုံးကျည်စနစ်အသစ်များ၊ စစ်ရေယာဉ်များနှင့် အဆင့်မြင့်လေကြောင်းစွမ်းဆောင်ရည်များ တိုးတက်မှုကို အဆင်ပြေချောမွေ့စေလျက်ရှိသောကြောင့် တရုတ်နိုင်ငံကို အင်အားတိုးချဲ့နိုင်စေပြီး အာရှ-ပစိဖိတ်ဒေသတွင် အမေရိကန်၏လွှမ်းမိုးမှုကို စိန်ခေါ်စေနိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ နောက်ဆုံး ICBM စမ်းသပ်မှုကို ၁၉၈၀ ပြည့်နှစ်တွင် တွေ့ရှိခဲ့ရပြီး ထိုစဉ်က DF-5 ဒုံးကျည်သည် ကီလိုမီတာ ၅၀၀၀ ပျံသန်းကာ တောင်ပစိဖိတ်အတွင်းရှိပစ်မှတ်ကို ထိမှန်ခဲ့သည်။ မကြာသေးမီကပြုလုပ်ခဲ့သည့် DF-41 စမ်းသပ်မှုသည် ယခင်အကွာအဝေးကို ကျော်လွန်ခဲ့သဖြင့် တရုတ်နိုင်ငံ၏ ပြောင်းလဲတိုးတက်လာသော စစ်ဘက်အခြေခံသဘောတရားကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ တရုတ်တာဝန်ရှိသူများက အဆိုပါဒုံးကျည်စမ်းသပ်မှုကို PLARF ၏ ပုံမှန်လေ့ကျင့်မှုဖြစ်ကြောင်းနှင့် လက်နက်စွမ်းဆောင်မှုနှင့် တပ်ဖွဲ့များအသင့်ဖြစ်မှုတို့ကို အလေးထားလုပ်ဆောင်လျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။

အဆိုပါပစ်ခတ်စမ်းသပ်မှုသည် ကျယ်ပြန့်သည့် ဒုံးကျည်စမ်းသပ်မှုနှင့် စစ်ရေးလေ့ကျင့်မှုတို့၏ တစ်စိတ်တစ်ဒေသဖြစ်ပြီး အာရှ-ပစိဖိတ်ဒေသတွင် ပိုမိုတိုးမြှင့်လုပ်ဆောင်လာခြင်းဖြစ်သည်။ ဆိုရလျှင် အင်ဒို-ပစိဖိတ်ဒေသတွင် စစ်ရေးဖြန့်ကြက်မှုမြင့်တက်လာသော အမေရိကန်နှင့် တင်းမာမှုများမြင့်တက်နေသည့်အချိန်တွင် ဒုံးကျည်စမ်းသပ်မှုများပေါ်ထွက်လာခြင်းဖြစ်သည်။ ပင်တဂွန်၏နောက်ဆုံးဆန်းစစ်အကဲဖြတ်ချက်၌ PLARF သည် မဟာဗျူဟာမြောက်ဟန့်တားမှုစွမ်းဆောင်ရည်များ မြှင့်တင်နိုင်



တရုတ်နိုင်ငံ၏ Dong Feng(DF)-41 ICBM ကို တွေ့ရစဉ်။

ရေး ၎င်း၏ရေရှည်စီမံကိန်းများကို အဆင့်မြှင့်တင်လုပ်ဆောင်လျက်ရှိကြောင်း ဖော်ပြထားသဖြင့် တရုတ်နိုင်ငံ၏စစ်ရေးအဆင့်မြှင့်တင်တည်ဆောက်မှုအပေါ် စိုးရိမ်ပူပန်မှုကို ထင်ဟပ်စေလျက်ရှိသည်။ တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်ထိ DF-31 နှင့် DF-41 အပါအဝင် ICBM အစင်း ၃၀၀ ပိုင်ဆိုင်ထားကြောင်းနှင့် ဒုံးကျည်များပစ်လွှတ်ရန် အသင့်ထောင်ထားသည့် မြေအောက်လက်နက်တိုက် သုံးခုကိုလည်း တည်ဆောက်လျက်ရှိကြောင်း ပင်တဂွန်ဆန်းစစ်ချက်၌ ဖော်ပြထားသည်။

တင်းမာမှုများ မြင့်တက်နေသည့်အချိန်တွင် အမေရိကန်နှင့် တရုတ်နိုင်ငံတို့ပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုများသည် အကြိမ်ရေပိုမိုများပြားလာပြီး ပိုမိုသိမ်မွေ့လာလျက်ရှိသည်။ အမေရိကန်သည် တောင်တရုတ်ပင်လယ်၊ အရှေ့တရုတ်ပင်လယ်နှင့် အခြားဒေသများတွင် အကြီးစားရေတပ်စစ်ရေးလေ့ကျင့်မှုများတိုးချဲ့လုပ်ဆောင်လာလျက်ရှိပြီး ဂျပန်၊ ဩစတြေးလျနှင့် ဖိလစ်ပိုင်နိုင်ငံတို့ကဲ့သို့သော မဟာမိတ်များနှင့်ပြုလုပ်သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများပါဝင်သည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုများသည် စုပေါင်းကာကွယ်ရေးစွမ်းဆောင်ရည်များ မြှင့်တင်သွားရန်နှင့် တရုတ်နိုင်ငံကို ဟန့်တားသွားနိုင်ရန်ပင်ဖြစ်သည်။ အထူးသဖြင့် အမေရိကန်စစ်ဘက်သည် ဒေသတွင်း၌ ၎င်း၏မဟာမိတ်များနှင့်မိတ်ဖက်နိုင်ငံများခိုင်မာသေချာစေရန် တည်ဆောက်လျက်ရှိသည်။

မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံ၏စစ်ရေးအင်အားတည်ဆောက်မှုသည် ဒုံးကျည်စမ်းသပ်မှုများအပြင် ရေတပ်အင်အား တိုးချဲ့တည်ဆောက်မှုကိုလည်း လုပ်ဆောင်သွားမည်ဖြစ်ပေသည်။ PLA ရေတပ်သည် အဆင့်မြင့်ရေငုပ်သင်္ဘောများ၊ ဖျက်သင်္ဘောများနှင့် လေယာဉ်တင်သင်္ဘောများအပါအဝင် စစ်ရေယာဉ် အစီး ၃၇၀ ကျော်ဖြင့် ကမ္ဘာ့အကြီးမားဆုံးရေတပ်ဖြစ်လာလျက်ရှိသည်။ ဆက်စပ်ရေပိုင်နက်များအတွင်းအကြီးစားရေတပ်စစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်မှုနှင့်အတူ အဆိုပါစစ်ရေယာဉ်များတပ်ဖြန့်ချထားသွားမည်ဖြစ်သည့်အတွက် အမေရိကန်ရေတပ်၏လွှမ်းမိုးမှုကို စိန်ခေါ်လာမည်ဖြစ်သည်။

တရုတ်စစ်ဘက်အဆင့်မြှင့်တင်မှု၏ ဂယက်ရိုက်ခတ်မှုသည် အာရှ-ပစိဖိတ်ဒေသကို ကျော်လွန်လာလျက်ရှိသည်။ ICBM စမ်းသပ်မှုနှင့် လက်ရှိပြုလုပ်လျက်ရှိသော စစ်ရေးလေ့ကျင့်မှုများသည် တရုတ်နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများအပြင် ပိုမိုကျယ်ပြန့်သော နိုင်ငံတကာအသိုက်အဝန်း၌ အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှုတို့တွင် မဟာဗျူဟာမြောက်အရွေ့ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံအဖြစ် တည်ဆောက်လျက်ရှိသောကြောင့် ၎င်း၏စစ်ဘက်စွမ်းဆောင်ရည်များသည် သံခင်းတမန်ခင်းနှင့်ဒေသတွင်းမူဝါဒများ ပုံဖော်တည်ဆောက်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။

တရုတ်နှင့်အမေရိကန်တို့ကြား ဆက်ဆံရေးသည် လက်ရှိဖြစ်ပွားလျက်ရှိသော တင်းမာမှုများကြောင့် ပိုမိုသိမ်မွေ့ရှုပ်ထွေးလာလျက်ရှိရာ နယ်ပယ်ပေါင်းစုံတွင် တင်းမာမှုများ ပိုမိုမြင့်တက်လာလျက်ရှိသည်။ နှစ်နိုင်ငံကြားပြိုင်ဆိုင်မှုတွင် စစ်ရေး၊ စီးပွားရေးနှင့် နည်းပညာနယ်ပယ်များ လွှမ်းခြုံပါဝင်သောကြောင့် ကမ္ဘာလုံးဆိုင်ရာစင်မြင့်တွင် လွှမ်းမိုးမှုအတွက် ဘက်ပေါင်းစုံမှ ရုန်းကန်ရလျက်ရှိသည်။ မကြာသေးမီက တရုတ်နိုင်ငံ၏ ICBM စမ်းသပ်မှုသည် ပြိုင်ဆိုင်မှုအတွင်းပါဝင်သောနိုင်ငံများကို သတိပေးချက်တစ်ရပ်ဖြစ်သည်။ အထူးသဖြင့် နှစ်နိုင်ငံစလုံးသည် ၎င်းတို့၏စစ်ရေးစွမ်းဆောင်ရည်များတိုးချဲ့ပြီး နိုင်ငံတကာစနစ်အတွင်း ၎င်းတို့၏ရပ်တည်ချက်များ ခိုင်မာအောင်လုပ်ဆောင်လျက်ရှိကြသည်။

တရုတ်နိုင်ငံ၏ အင်အားကြီးထွားလာမှုကို တုံ့ပြန်သောအားဖြင့် အမေရိကန်သည် ဒေသတွင်း၌ ၎င်း၏မဟာမိတ်များ တိုးချဲ့ရန်ကြိုးပမ်းလျက်ရှိသည်။ ဂျပန်၊ တောင်ကိုရီးယားနှင့် ဩစတြေးလျနိုင်ငံတို့ကဲ့သို့သော နိုင်ငံများသည် အမေရိကန်နိုင်ငံနှင့်အတူ စစ်ရေးလေ့ကျင့်မှုများတွင် တိုးမြှင့်ပါဝင်လေ့ကျင့်လျက်ရှိသည့်အတွက် တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုကို တန်ပြန်ဟန်ချက်ထိန်းညှိနိုင်ရေး စုပေါင်းကြိုးပမ်းမှုပင်ဖြစ်သည်။ သို့သော် အဆိုပါနိုင်ငံများအနေဖြင့် တရုတ်နိုင်ငံနှင့်စီးပွားရေးဆိုင်ရာမိတ်ဖက်ဆက်ဆံရေးထူထောင်မှုနှင့် အမေရိကန်နှင့် ၎င်းတို့၏ လုံခြုံရေးဆိုင်ရာမိတ်ဖက်ဆက်ဆံရေးတို့ကြား ဟန်ချက်ထိန်းညှိရာတွင် စိန်ခေါ်မှုဖြင့်ရင်ဆိုင်ရလျက်ရှိသည်။ တရုတ်နိုင်ငံနှင့် စီးပွားရေးဆိုင်ရာဆက်ဆံရေးဖြတ်တောက်ခြင်းသည် ၎င်းတို့၏မဟာဗျူဟာမြောက်တွက်ချက်မှုများကို ခက်ခဲရှုပ်ထွေးစေမည်ဖြစ်သည့်အတွက် ရုတ်ခြည်းပြောင်းလဲဖြစ်ပေါ်နေသည့် ပထဝီနိုင်ငံရေးဆိုင်ရာအခင်းအကျင်းတွင် ဟန်ချက်ထိန်းညှိရန် ခက်ခဲစေလျက်ရှိသည်။

ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ကဲ့သို့သော အရှေ့တောင်အာရှနိုင်ငံများသည် ၎င်းတို့၏ အမျိုးသားအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန်ကြိုးပမ်းရင်း မဟာအင်အားကြီးနိုင်ငံများ၏ ပြိုင်ဆိုင်မှုကြားတွင် ရပ်တည်ချက်မှန်ကန်ရေးကြိုးပမ်းရလျက်ရှိသည်။ အဆိုပါနိုင်ငံများသည် တရုတ်နိုင်ငံနှင့် ထိပ်တိုက်ရင်ဆိုင်လိုခြင်းမရှိဘဲ ၎င်းတို့၏နယ်မြေများရရှိရေး ကြိုးပမ်းလျက်ရှိသောကြောင့် တောင်တရုတ်ပင်လယ်အငြင်းပွားမှုသည် စိန်ခေါ်မှုအဖြစ် ရပ်တည်လျက်ရှိသည်။ ဒေသတွင်းဆက်ဆံရေး၏ သိမ်မွေ့နက်နဲသောပြောင်းလဲမှုသည် သံခင်းတမန်ခင်းဆက်ဆံရေးနှင့် ဆွေးနွေးညှိနှိုင်းမှုများလုပ်ဆောင်သွားရန်လိုအပ်ချက်ကို မီးမောင်းထိုးပြသလျက်ရှိသည်။

တရုတ်နှင့် အမေရိကန်တို့ကြား ပြိုင်ဆိုင်မှုသည် အာရှ-ပစိဖိတ်ဒေသတစ်ခုတည်းတွင်သာမဟုတ်ပေ။ နှစ်နိုင်ငံစလုံးသည် အိန္ဒိယသမုဒ္ဒရာ၊မြေထဲပင်လယ်၊ အတ္တလန္တိတ်သမုဒ္ဒရာအပါအဝင် အခြားသောဒေသများတွင်လည်း စစ်ရေးဆိုင်ရာထိတွေ့မှုများတိုးချဲ့လုပ်ဆောင်လျက်ရှိသည်။ မြေထဲပင်လယ်ဒေသတွင် ရုရှားနိုင်ငံနှင့်ပြုလုပ်သည့် ရေတပ်ဆိုင်ရာစစ်ရေးလေ့ကျင့်မှုများ၌ တရုတ်နိုင်ငံ၏ပါဝင်ဆောင်ရွက်မှုသည် ကမ္ဘာလုံးဆိုင်ရာ ရေတပ်အင်အားဖြန့်ကြက်မှုအတွက် ၎င်း၏စိတ်ဆန္ဒကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသဖြင့် အမေရိကန်၏လွှမ်းမိုးမှုကို စိန်ခေါ်မှုဖြစ်ပေါ်စေလျက်ရှိသည်။

ထို့ပြင် ပထဝီနိုင်ငံရေးဆိုင်ရာအခင်းအကျင်းသည် ရုရှား-ယူကရိန်းပဋိပက္ခနှင့် အရှေ့အလယ်ပိုင်းဒေသတွင်းတင်းမာမှုများကဲ့သို့သော လက်ရှိဖြစ်ပေါ်နေသည့်ပဋိပက္ခများက လွှမ်းမိုးခံရလျက်ရှိသည်။ ရုရှားနိုင်ငံနှင့်တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးသည် အမေရိကန်နှင့်တရုတ်၏ ဆက်ဆံရေးကို သိမ်မွေ့စွာရှုပ်ထွေးစေလျက်ရှိသည်။ အထူးသဖြင့် အမေရိကန်သည် ယူကရိန်းကို စစ်ရေးနှင့်စီးပွားရေးဆိုင်ရာအကူအညီများ ပေးအပ်လျက်ရှိသောကြောင့်ဖြစ်သည်။ အဆိုပါပြဿနာများအပေါ် မတူကွဲပြားသောချဉ်းကပ်မှုများသည် နှစ်နိုင်ငံကြားအတွေးအခေါ်ပိုင်းနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ မတူကွဲပြားမှုများကို မီးမောင်းထိုးပြလျက်ရှိသည်။

မဟာအင်အားကြီးနိုင်ငံများကြား ပြိုင်ဆိုင်မှု၏ ဂယက်ရိုက်ခတ်မှုများသည် ဒေသတွင်းမဟာမိတ်များအပေါ် ပိုမိုကြီးမားလာလျက်ရှိသည်။ ဒေသတွင်းနိုင်ငံများအနေဖြင့် မဟာအင်အားကြီးနိုင်ငံများကြား ရပ်တည်ချက်အတွက် မှန်ကန်သောလမ်းကြောင်းရှာဖွေရလျက်ရှိသည်။ ဒေသတွင်းနိုင်ငံများသည် တရုတ်နိုင်ငံနှင့်စီးပွားရေးဆိုင်ရာဆက်ဆံမှုနှင့် အမေရိကန်နှင့် လုံခြုံရေးဆိုင်ရာမဟာမိတ်ဖွဲ့ထားမှုတို့ကြား ဟန်ချက်ထိန်းညှိရာတွင် အခက်အခဲဖြင့်ရင်ဆိုင်ရလျက်ရှိသည်။ မဟာအင်အားကြီးနှစ်နိုင်ငံစလုံးက စစ်ရေးဆိုင်ရာလှုပ်ရှားမှုများနှင့် မဟာဗျူဟာမြောက်ရပ်တည်ချက်များတိုးမြှင့်လာခြင်းသည် မသေချာမရေရာမှုများဖြစ်ပေါ်လာလျက်ရှိသဖြင့် သံခင်းတမန်ခင်းနှင့်ထိတွေ့ဆက်ဆံမှုများ သတိထားလုပ်ဆောင်သွားရန် လိုအပ်လာပြီဖြစ်ပေသည်။

**ကိုးကား**

- **Great Power Competition and China's New Era of ICBM Testing by The Diplomat.**

**မောင်စိန်အိ(နဘဲမြေ)**

# နီပေါနိုင်ငံတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် လူ ၆၆ ဦး သေဆုံး



**ခတ္တမန္ဒူ စက်တင်ဘာ ၂၉**

နီပေါနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် လူ ၆၆ ဦးသေဆုံးပြီး ဒါဇင်နှင့်ချီ၍ ပျောက်ဆုံးလျက်ရှိကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

နီပေါနိုင်ငံမြို့တော် ခတ္တမန္ဒူမြို့ အနီးတစ်ဝိုက်ဒေသများတွင် စက်တင်ဘာ ၂၇ ရက် ညနေပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းခြင်းများကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူ ၆၆ ဦး သေဆုံးပြီး ဒါဇင်နှင့်ချီ၍ ပျောက်ဆုံးလျက်ရှိရာ မိုးရွာသွန်းမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသဖြင့် သေဆုံးသူအရေအတွက် တိုးလာနိုင်ကြောင်း တာဝန်ရှိသူများက သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ခတ္တမန္ဒူချိုင့်ဝှမ်းဒေသမြစ်များအနီးရှိ အိမ်ခြေထောင်ပေါင်းများစွာ ရေနစ်မြုပ်ခဲ့ပြီး အဝေးပြေးလမ်းအများစုကို ပိတ်ထားရကာ လူအများအပြားမှာ အိမ်ခေါင်မိုးများပေါ်တွင် နေထိုင်ရလျက်ရှိသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေရကြောင်း သိရသည်။

မိုးရွာသွန်းမှုသည် လာမည့်နှစ်ရက်ထိ ဆက်လက်ဖြစ်ပေါ်ဖွယ်ရှိရာ စိုးရိမ်ရသောအခြေအနေတွင်ရှိနေပြီး ပျောက်ဆုံးသူအများအပြားလည်းရှိနေရာ သေဆုံးသူအရေအတွက် ထပ်မံမြင့်တက်လာဖွယ်ရှိကြောင်း တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

# မက္ကဆီကိုနိုင်ငံတွင် ဂျွန်မုန်တိုင်းကြောင့် သေဆုံးသူ ၂၂ ဦး ရှိနေပြီဖြစ်

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၉**

မက္ကဆီကို အနောက်တောင်ဘက်ပိုင်းတွင် ဂျွန်ဟုအမည်ပေးထားသောမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး သေဆုံးသူ ၂၂ ဦးရှိနေပြီဖြစ်ကြောင်း မက္ကဆီကိုအရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဂျွန်မုန်တိုင်းသည် စက်တင်ဘာ ၂၈ ရက်တွင် မီချိုအာကန်ပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မြေပြိုကျမှုများပါ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်နေပြီး မီချိုအာကန်ပြည်နယ် နေရာအနှံ့အပြားတွင် ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

"မုန်တိုင်းဟာ အားကောင်းတယ်။ မုန်တိုင်းနောက်ဆက်တွဲပြဿနာတွေ အရမ်းများတယ်။ အခု နေရာတော်တော်များများမှာ ရေကြီးရေလျှံမှုတွေဖြစ်နေတယ်။ မုန်တိုင်းကြောင့် သေဆုံးသူ ၂၂ ယောက်ထက်မနည်း ရှိနေပါတယ်။ မီချိုအာကန်ပြည်နယ်ကို အရေးပေါ်အခြေအနေသတ်မှတ်ထားပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ အယောက် ၅၀ ထက်မနည်း ရှိနေပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူအတွက် လိုအပ်တဲ့အစားအသောက်တွေ၊ ဆေးဝါးတွေ ပံ့ပိုးပေးနေပါတယ်" ဟု မက္ကဆီကို အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဂျက်ဇ်မန်းဘာရီရာက ပြောကြားသွားခဲ့သည်။

မုန်တိုင်းသည် မီချိုအာကန်ပြည်နယ်မှတစ်ဆင့် အိုအာဇာကာပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး သေဆုံးသူ ၂၂ ဦးအနက် ၁၈ ဦးမှာ မီချိုအာကန်ပြည်နယ်မှဖြစ်ကာ ကျန်လေးဦးမှာ အိုအာဇာကာပြည်နယ်မှဖြစ်ကြောင်း၊ မုန်တိုင်းနှင့်ပတ်သက်ပြီး နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားကာ ကယ်ဆယ်ရေး လုပ်ငန်းများတွင် လေကြောင်းအကူအညီကိုပါ ရယူထားကြောင်း မက္ကဆီကိုအရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဂျမေကာနိုင်ငံ ဆန်တာခရုဇ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွား

**ကင်းစတန်း စက်တင်ဘာ ၂၉**

ဂျမေကာနိုင်ငံ ဆန်တာခရုဇ်မြို့တွင် စက်တင်ဘာ ၂၈ ရက်က မိုးသည်းထန်စွာရွာသွန်းပြီးရေကြီးရေလျှံမှု ဖြစ်ပွားနေကြောင်း ဂျမေကာနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဆန်တာခရုဇ်မြို့ရှိ လမ်းမကြီးများတွင် ရေကြီးရေလျှံမှုကြောင့် ရေလွှမ်းနေပြီး လမ်းပန်းဆက်သွယ်ရေး အခက်အခဲဖြစ်နေကြောင်း၊ ရေကြီးရေလျှံမှုမှာ ရုတ်တရက် ဖြစ်ပေါ်ခဲ့သည့်အတွက် ပြင်ဆင်ချိန်မရခဲ့၍ ဆိုးရွားသည့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုရက်စ်မြစ်ရေ လျှံတက်ရာမှ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူနေအိမ်များဆီသို့ ရေစီးမလာစေရေးအတွက် အတားအဆီးများကို အချိန်မီမလုပ်နိုင်ခဲ့ခြင်းကြောင့် အဓိက ဆက်သွယ်သွားလာရေး လမ်းမကြီးများ ရေလွှမ်းခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။



"ရုတ်တရက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ မိုရက်စ်မြစ်ရေလျှံတက်မှုအပြင် ဆန်တာခရုဇ်တောင်ပေါ်ကနေ တောင်ကျရေတွေကျလာတဲ့အတွက် ရေကြီးရေလျှံမှုကအခြေအနေ ပိုဆိုးရွားခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လကတည်းက ရေကြီးရေလျှံမှုတွေက မကြာခဏဖြစ်ပေါ်လာခဲ့တာဖြစ်ပါတယ်။ ပြင်ဆင်ချိန်မရလိုက်တဲ့အတွက်ကြောင့် ရေကြီးရေလျှံမှုအခြေအနေ ပိုဆိုးရွားခဲ့တာဖြစ်ပါတယ်။ ရေကြီးရေလျှံမှုက အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်တဲ့အတွက်ကြောင့် ကယ်ဆယ်ရေးဝန်ထမ်းအများအပြား စေလွှတ်ထားပါတယ်"ဟု ဆန်တာခရုဇ်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ အဲလိဇဘတ်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အာဖရိကအရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် နေထိုင်သူ ၈၂ ဒသမ ၂သန်းခန့် စားနပ်ရိက္ခာမလုံလောက်မှုဖြင့် ရင်ဆိုင်နေရ

**ကမ်ပါလာ စက်တင်ဘာ ၂၉**

အာဖရိက အရှေ့ပိုင်းနှင့် အလယ်ပိုင်းနိုင်ငံများမှ လူဦးရေ ၈၂ ဒသမ ၂ သန်းခန့်သည် စားနပ်ရိက္ခာမလုံလောက်မှုဖြင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) နှင့် အာဖရိကဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(IGAD) တို့က စက်တင်ဘာ ၂၈ ရက်က ပူးတွဲထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အာဖရိက အရှေ့ပိုင်းနှင့် အလယ်ပိုင်းနိုင်ငံများမှ လူဦးရေ ၈၂ ဒသမ ၂ သန်းခန့်သည် စားနပ်ရိက္ခာမလုံလောက်မှုဖြင့် ရင်ဆိုင်နေရရာ အများစုမှာ IGAD အဖွဲ့ဝင်နိုင်ငံများဖြစ်သော ဆူဒန်၊ ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့မှ လူဦးရေ ၅၄ ဒသမ ၇ သန်းခန့် ပါဝင်နေကြောင်း အဆိုပါပူးတွဲထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

ဒေသတွင်းပဋိပက္ခများအပြင် ရာသီဥတုဖောက်ပြန်မှု၊ မကြာခဏ ရေကြီးခြင်းနှင့် မိုးခေါင်ခြင်းကဲ့သို့သောဖြစ်စဉ်များကြောင့် အကျပ်အတည်းမှာ ပိုမိုဆိုးရွားလာကြောင်း ဒေသတွင်းအဖွဲ့အစည်းများက ပြောကြားထားပြီး IGAD အဖွဲ့ဝင်နိုင်ငံ ရှစ်နိုင်ငံဖြစ်သော အီသီယိုးပီးယား၊ အီရစ်ထရီးယား၊ ဂျီဘူတီ၊ ကင်ညာ၊ ဆိုမာလီယာ၊ တောင်ဆူဒန်၊ ဆူဒန်၊ ယူဂန်ဒါနိုင်ငံတို့အနက် ယူဂန်ဒါနိုင်ငံ၌ ဒေသတွင်းပဋိပက္ခများနှင့် ရာသီဥတုဖောက်ပြန်မှု နှစ်ခုစလုံး၏ ဒဏ်ကို ရင်ဆိုင်နေရပြီး လူဦးရေ ၂၉ သန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်လျက်ရှိကြောင်း သိရသည်။

အဆိုပါဒေသများတွင် လာမည့် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ပျမ်းမျှ မိုးရေချိန်အောက်သာရှိနိုင်ရာ IGAD ရာသီဥတုခန့်မှန်းမှုနှင့် အသုံးချမှုစင်တာ၏ ခန့်မှန်းချက်များအရ အာဖရိကအရှေ့ပိုင်းမိုးခေါင်ရေရှားမှု အခြေအနေများနှင့် ဆက်စပ်လျက်ရှိသော လာနီညာရာသီဥတုဖြစ်စဉ်သည် ၂၀၂၄ ခုနှစ်နှောင်းပိုင်းတွင် စတင်ဖြစ်ပေါ်ဖွယ်ရှိနေပြီး ၂၀၂၅ ခုနှစ် အစောပိုင်းကာလများထိ ဆက်လက် ဖြစ်ပေါ်ဖွယ်ရှိနေသဖြင့် စားနပ်ရိက္ခာမလုံလောက်မှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်သည်ဟု ခန့်မှန်းချက်ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : AZH

# အမေရိကန် ပစ်ဆိုင်ဖေးနီးယားကောင်တီတွင် လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပွားပြီး နေအိမ်နှင့်အခြေခံအဆောက်အအုံတချို့ ပျက်စီး

**ဝါရှင်တန် စက်တင်ဘာ ၂၉**

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ် ပစ်ဆိုင်ဖေးနီးယားကောင်တီတွင် စက်တင်ဘာ ၂၈ ရက်က အားကောင်းသည့်လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ပြီး လူနေအိမ်တချို့နှင့် အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့ကြောင်း ဗာဂျီးနီးယားပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လေဆင်နှာမောင်းသည် စက်တင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းက တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ပစ်ဆိုင်ဖေးနီးယားကောင်တီ ဒရိုင်းဖော့ဧရိယာကို ဗဟိုပြုတိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ လေဆင်နှာမောင်းတိုက်ခတ်ခဲ့သော ဧရိယာသည် ၂၂၅ ကိုက်ထိ ကျယ်ဝန်းခဲ့ပြီး လေဆင်နှာမောင်း ပြင်းအားမှာ တစ်နာရီလျှင် ၁၁၈ မိုင်နှုန်းဖြင့် တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"စက်တင်ဘာ ၂၈ရက် မွန်းလွဲပိုင်းမှာ လေဆင်နှာမောင်း ရုတ်တရက် တိုက်ခတ်ခဲ့ပါတယ်။ လေဆင်နှာမောင်းက အားကောင်းခဲ့တဲ့အတွက် လေဆင်နှာမောင်း ဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက် အပျက်အစီးတွေများခဲ့တယ်။ လေဆင်နှာမောင်းတိုက်ခတ်ချိန်က ၁၈ မိနစ်လောက်ကြာသွားတဲ့အတွက် အပျက်အစီး များခဲ့တာဖြစ်ပါတယ်။ သေဆုံးသူမရှိခဲ့သလို ကြီးကြီးမားမား ထိခိုက်ဒဏ်ရာရရှိသူလဲ မရှိခဲ့ပါဘူး"ဟု ဗာဂျီးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

လေဆင်နှာမောင်းကြောင့် လူနေအိမ်နှင့် အခြေခံအဆောက်အအုံအလုံးရေ ၃၀ ထိ ပျက်စီးသွားခဲ့ပြီး သစ်ပင်ကြီးများလည်း လဲကျခဲ့သည့်အတွက် လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်နေကြောင်း၊ ဓာတ်တိုင်တချို့လဲကျခဲ့သည့်အတွက် ဒရိုင်းဖော့ဧရိယာတွင် လျှပ်စစ်မီးပြတ်တောက်မှုများဖြင့် ရင်ဆိုင်နေရပြီး ကယ်ဆယ်ရေးဝန်ထမ်းများက အပျက်အစီးများကို ရှင်းလင်းပေးလျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှသစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**







## အမည်မှန်

မလှိုင်မြို့၊ ဂုဏ်ထူးဦးချမ်းသာ ကိုယ်ပိုင်ကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ကျော်ကျော်ဘို ၏အမည်မှန်မှာ မောင်ကျော်ကျော်ဗိုလ် ဖြစ်ပါကြောင်း။

မောင်ကျော်ကျော်ဗိုလ်(၉/မထလ(နိုင်)၃၈၅၀၃၈)

## ဖခင်အမည်မှန်

မလှိုင်မြို့၊ ဂုဏ်ထူးဦးချမ်းသာ ကိုယ်ပိုင်ကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မယွန်းနဒီစိုး ၏ဖခင်အမည်မှန်မှာ ဦးဝင်းမင်းထွန်း ဖြစ်ပါကြောင်း။

ဦးဝင်းမင်းထွန်း (၉/အမရ(နိုင်)၀၈၉၄၇၉)

## စစ်တောင်းမြစ်ရေ မဒေါက်မြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်

နေပြည်တော် စက်တင်ဘာ ၂၉

ယနေ့မွန်းလွဲ ၅ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

## သင့်သွေးဖြင့် အသက်ကယ်ပါ

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်



❖ လူငယ်များသည် တိုင်းပြည်၏ အနာဂတ် ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်...

❖ လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရရှိပြီး တိုင်းပြည်၏ ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များဖြစ်ပေါ်စေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်ပေးရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၂၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများကို တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြား

## မိတ္ထီလာဒေသ၏ အခြေခံကောင်းများကို အကျိုးရှိရှိအသုံးချ၍ ဖွံ့ဖြိုးတိုးတက်သည့် စံပြဒေသတစ်ခုဖြစ်စေရေး အတူတကွဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများကို တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများကို ယနေ့မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့ရှိ ကန်တော်မင်္ဂလာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုးနှင့် ဒေါက်တာညွန့်ဖေ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

